# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ၂၀၂၅ ခုနှစ်၊ မေ ၃ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၂၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့်လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၂

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်း ပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း၊ တပ်မတော်(လေ)က အခြေခံ လေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်း ဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်း စခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၊ လှေလှော်ရွက်တိုက် ဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင် ပါဝင်သည့် သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂)မှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ


*စာမျက်နှာ ၄ ကော်လံ ၁* ❖




ရေကြောင်းလူငယ်အခြေခံသင်တန်းမှ သင်တန်းသားများ လှေလှော်ရွက်တိုက်ဘာသာရပ် လေ့ကျင့်သင်ကြားမှုကို တွေ့ရစဉ်။

# ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများတင်ပို့ရန် ပြည်တွင်း ကုမ္ပဏီများက အရည်အသွေးကောင်း သရက်သီးရရှိရေး ပြင်ဆင်နေ



မန္တလေး မေ ၂

မြန်မာ့စိန်တလုံး သရက်သီး များကို ရုရှားဈေးကွက်သို့ တင်ပို့ မည့် ပြည်တွင်း ကုမ္ပဏီများက သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီး များ ဝယ်ယူရရှိရေးအတွက် ပြင်ဆင်နေကြကြောင်း မြန်မာ နိုင်ငံ သရက်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အသင်း အတွင်းရေးမှူး ဦးကျော်စိုး နိုင်က ပြောပြသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ○



ယနေ့ *ဖတ် စ ရာ*

**လျှပ်စစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက် လျက်ရှိ** ပြည်တွင်းသတင်း စာ ၈

**ထိုင်းနိုင်ငံ စက်မှုကဏ္ဍတွင် ကာဗွန်လျှော့ချရေးလုပ်ငန်းကို ဂျပန်ကူညီမည်** နိုင်ငံတကာသတင်း စာ ၁၄

**၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)မှ တိုင်းတာရရှိသည့် လေအရည်အသွေးအခြေအနေများ** ပြည်တွင်းသတင်း စာ ၂၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း မိတ္ထီလာခရိုင်အတွင်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ သွားရောက်ကြည့်ရှုစစ်ဆေး




နေပြည်တော် မေ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ပြီး မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်၍ ဓာတ်အားထုတ်လွှတ်ပေးနေမှုနှင့် အသစ်တည်ဆောက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် တာဝန်ရှိသူများနှင့်အတူ သာစည်မြို့နယ်ရှိ Great Success Energy Co., Ltd ၏ သာစည်(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက သာစည်(၃၀) မဂ္ဂါဝပ်၊ သပြေဝ (၃၀) မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံ တည်ဆောက်ထုတ်လုပ်မှုဆိုင်ရာအခြေအနေများ၊ ငလျင်ဘေးဒဏ်ကြောင့် စက်ရုံများရှိ ဆိုလာချပ်များ၊ Pile Cap Foundation များ၊ ဆက်သွယ်ထားသောကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိအချိန်ထိ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဆင်ရန် ကျန်ရှိသည့် အခြေအနေများ၊ အမျိုးသား လျှပ်စစ်ကွန်ရက်(National Grid)နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အသစ်တည်ဆောက်လျက်ရှိသော သာစည် (၄၀) မဂ္ဂါဝပ်နှင့် သပြေဝ (၄၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပြုပြင်ရန်ကျန်ရှိသည်များကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရန်၊ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်မြော်တွေး၍ လိုအပ်နိုင်သည့် အရန်ပစ္စည်းများကို ကြိုတင်ထားရှိကြရန်၊ အသစ်တည်ဆောက်လျက်ရှိသော စီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှု အခြေအနေများ၊ ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်းအတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သာစည်(၄၀)မဂ္ဂါဝပ် စီမံကိန်း တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Natural Solar Power Co., Ltd ၏ သပြေဝ-၃(၃၀) မဂ္ဂါဝပ်နှင့် သပြေဝ (၃၀) မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများသို့ သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သပြေဝ (၄၀) မဂ္ဂါဝပ် စီမံကိန်း လုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်နိုင်ရန် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သာစည်(၃၀) မဂ္ဂါဝပ်၊ သပြေဝ (၃၀) မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေး စက်ရုံ(၃)ရုံတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလျော့နည်းခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပုံမှန်ထုတ်လုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်၍ အမျိုးသား ဓာတ်အားကွန်ရက် (National Grid)အတွင်းသို့ ပို့လွှတ်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများကိုလည်း အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့်ပြန်လည် ထုတ်လွှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်** မေ ၂ - နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မေ ၃ ရက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာကာ တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အပြာရောင်အဆင့်သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ထမ်းများပြန်လည်နေထိုင်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးအားပေး

**နေပြည်တော် မေ ၂**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် အမြဲတမ်း အတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် မန္တလေး လျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအဆောင်များအနက် အပြာရောင်အဆင့် သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပြန်လည် နေထိုင်လျက်ရှိသည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

**အခြေအနေများမေးမြန်း**

ဦးစွာ ငလျင်ဒဏ်ခံရသော်လည်း ထိခိုက်ပျက်စီးမှုနည်းပါးပြီး ပြန်လည်နေထိုင်နိုင်သည့်အတွက် အပြာရောင်အဆင့် သတ်မှတ်ထားသော ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ သဇင်(၇)နှင့် သဇင်(၁) အပျိုဆောင်တို့၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ခဲ့မှု၊ ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုနှင့် နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးနှင့်ရေပြန်လည်ရရှိမှု အခြေအနေများကို မေးမြန်းသည်။

**လိုအပ်သည်များဖြည့်ဆည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးများကို နိုင်ငံတော်က ဖယ်ရှားရှင်းလင်းပေးနေမှု၊ နိုင်ငံတကာနှင့်ပြည်တွင်း အဖွဲ့အစည်းများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေမှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ရှောင်ရှား၍ သတင်းမှန်များကို စောင့်ကြည့်လိုက်နာဆောင်ရွက်စေလိုမှု၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးနှင့် တစ်ဦး ဖေးမ ကူညီကာ အသိ၊ သတိတို့ဖြင့် ဂရုပြုနေထိုင်ကြရန် လိုအပ်မှုနှင့် မိမိတို့၏ လုပ်ငန်း တာဝန်များကိုလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်ဖြင့် ကြိုးပမ်းထမ်းဆောင်ကြစေလိုမှု အခြေအနေများကို အားပေး တိုက်တွန်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အပြာရောင်အဆင့် သတ်မှတ်ထားသော သဇင်(၁)အပျိုဆောင်၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနေထိုင်ရန် တည်ဆောက်လျက်ရှိသည့် ဘာရှာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ နေထိုင်ရန်အတွက် တည်ဆောက်လျက်ရှိသည့် ဘာရှာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်အတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း မိန်းဂိတ်ဝ ဘယ်/ ညာရှိ အဆောင် (၁၊ ၂၊ ၃နှင့် ၄)တို့တွင် နှစ်ခန်းတွဲ ဘာရှာများ ဖွဲ့စည်းတည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေး ကောင်းမွန်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ရုံးအမှတ်(၃၁)ရှိ Call Room ၌ ဂျူဒိုနှင့် ဂျူဂျစ်ဆု အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကို လက်ခံတွေ့ဆုံပြီး လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြင် အနာဂတ်တွင်ဂျူဂျစ်ဆု အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ပြီး အားထည့်၍ ကြိုးပမ်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုမြင့်မား လာစေရန်နှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ် သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။



အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းနည်းပြများက လေကြောင်းဆိုင်ရာ ဘာသာရပ်လေ့ကျင့်သင်ကြားပေးနေမှုကို တွေ့ရစဉ်။

**ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိ**

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ အားလည်းကောင်း၊ တောင်ကြီးမြို့ရှိ တောင်ကြီး သင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦး အားလည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးအားလည်းကောင်း၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ သင်တန်းသား ၅၂ ဦးအား လည်းကောင်း၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအား လည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံ ဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဇာတိသွေး ဇာတိမာန် ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း ဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် ဘုရား၊ စေတီများအား သွားရောက်ကြည့်ရှုစစ်ဆေး ပြိုကျပျက်စီးခဲ့သော ဘုရားများ၌ ဌာပနာရန် ဓာတ်တော်မွေတော်များ အနေကဇာတင်အခမ်းအနားကျင်းပ

**မန္တလေး မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာဂန္ဓာရုံ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် တောင်သမန်ကျောက်တော်ကြီး ဘုရားများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပပြုလုပ်သည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ဘုရား၊ စေတီများ၌ ဌာပနာရန် ဆင်းတုတော်၊ စေတီတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုသည့် ပါမောက္ခ / ဌာနမှူး ဆရာတော်ကိုးပါးတို့က ဆင်းတုတော်၊ စေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ ကြည်ညိုကာ ရေစက်သွန်းချ၍ အမျှပေးဝေကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုလ္လန္ဒောဘာသာဘိဝံသ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ မဟာဝိဇယရံသီပုထိုးတော်ကြီး၊ တောင်သမန် ကျောက်တော်ကြီး ဘုရားတို့ကို ကြည့်ရှုစစ်ဆေးပြီး အမရပူရမြို့၏ သမိုင်းဝင်ကြီးလေးကြီး ဘုရားများဖြစ်သည့်အတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းပေးရန် မှာကြားခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် စာသင်ကြားနေမှုများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းကာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် အတွက် စာသင်ကြားနေမှုများအား ကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် အဖွဲ့ဝင်များ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေး စခန်းအမှတ် (၂) တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့် သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေးတို့အတွက် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်ပညာရေးမှူးရုံးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးမြို့ အမှတ် (၅) ရပ်ကွက်ရှိ အင်တိုင်းသာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ဦးဥတ္တမသာရအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေ၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များသည် ဒက္ခိဏသီရိမြို့နယ် ကျီးသဲလေးထပ်ကျောင်း ဆရာတော်ထံ သွားရောက် ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

○ *ရွှေဖုံးမှ*

ရုရှား - မြန်မာ စီးပွားရေးကောင်စီနှင့် အဖွဲ့ဝင်ကုမ္ပဏီများက ယခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ လတ်ဆတ်သော သရက်သီးနှင့် သရက်သီးခြောက်များ ဝယ်ယူသွားမည်ဖြစ်ရာ ရုရှားဈေးကွက်သို့ တင်ပို့မည့် လုပ်ငန်း/ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

"ဒီနှစ်မှာ ရုရှားက မြန်မာ့သရက်သီးနဲ့ သရက်ခြောက်ကို ရသလောက်ဝယ်မယ့် အနေအထားရှိတော့ တိုက်ရိုက်တင်ပို့နိုင်လို့ရမယ့် ဈေးကွက်သစ်တစ်ခုလို့ ပြောရမယ်။ တင်ပို့မယ့် Exporter တွေ၊ ကုမ္ပဏီတွေက ပြင်ဆင်တဲ့အနေနဲ့ အရည်အသွေးကောင်း သရက်သီးဝယ်ဖို့ ခြံတွေကို ကွင်းဆင်းနေကြပြီ။ ဘယ်ခြံက အရည်အသွေး ကောင်းတယ်၊ မကောင်းဘူး။ ဘယ်ခြံတွေမှာ ရနိုင်မလဲ၊ ဘယ်အချိန် များများ ရနိုင်မလဲဆိုတာတွေ အချက်အလက်ကောက်ပြီး အဲဒီခြံတွေမှာ သရက်သီး ဘယ်လောက်ပမာဏ ဝယ်မယ်ဆိုတာ အော်ဒါပေးမယ်။ သိသလောက်ဆိုရင် ရုရှားကို သရက်တင်ပို့ဖို့ ကုမ္ပဏီသုံးခုလောက်က ပြင်ဆင်နေတယ်လို့ သိရတယ်" ဟု ၎င်းက ပြောသည်။

**ဈေးကောင်းရရှိ**

လက်ရှိတွင် စိန်တလုံးသရက်သီးမှာ ပေါ်ဦးပေါ်ဖျားအချိန်ဖြစ်၍ ဈေးကောင်းရရှိနေပြီး ရုရှားသို့ သရက်သီးများတင်ပို့ရန် ပြင်ဆင်နေကြသည့် ကုမ္ပဏီများသည် သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီး ဝယ်ယူရရှိနိုင်ရေးနှင့် ဈေးနှုန်းညှိနှိုင်းခြင်းတို့ လုပ်ဆောင်နေကြကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်





**နေပြည်တော် မေ ၂**

ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှောက်ကြီးကြောင့် ပြည်တွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဘိလပ်မြေစက်ရုံအချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါစက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ကူညီဖြည့်ဆည်း ဆောင်ရွက်မှုများကို အပြည့်အဝပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ပြင်းထန်သည့် မန္တလေးလျှောင်လှုပ်ခတ်မှုကြောင့် ပြည်သူများ၏ နေအိမ်/အဆောက်အအုံများ၊စက်ရုံ/အလုပ်ရုံများ၊ လမ်းတံတားများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ များစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သောသွင်းအားစုများ အပြည့်အဝရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လအလိုက် ဘိလပ်မြေနှင့် သံ၊ သံမဏိ လိုအပ်ချက်များကို ခန့်မှန်း တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ လအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကိုလည်း ညှိနှိုင်းတောင်းခံထားရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများနှင့် သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတစ်ခုချင်းစီ၏ လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်၍ အစွမ်းကုန် ဖြည့်ဆည်း ကူညီပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ရှိပြီးအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြု၍ ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို မြန်ဆန်တိကျစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့်ပတ်သက်၍ စက်ရုံအလိုက် မှတ်တမ်းထားရှိပြီး ဘူမိဗေဒနှင့် သက်ဆိုင်သည့် သုံးသပ်ချက်များကိုလည်း ပြုစုမှတ်တမ်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ပြည်တွင်း၌ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းသွင်းအားစုများ လိုအပ်မှုအခြေအနေများကို စက်ရုံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်အခြေအနေ၊ စက်ရုံအသီးသီး၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမားဆေးရုံ(ရန်ကုန်) ကုသရေးလုပ်ငန်းတွင် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများဖြည့်တင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်



**နေပြည်တော် မေ ၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ချန်းရီဖိနပ်ချုပ်စက်ရုံအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် MoU စနစ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် လုပ်သားများ၊ မိမိအစီအစဉ်ဖြင့် ပြည်ပသို့သွားရောက်မည့် ကျွမ်းကျင်လုပ်သားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ပြန်လုပ်သားများအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)အား တစ်နေရာတည်းတွင် ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Cashless စနစ်ဖြင့် OWIC ကတ်များ ထုတ်ပေးနိုင်ရေး တာဝန်ခံအရာရှိများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်္ဃန်းကျွန်းမြို့နယ်၌ ဖွင့်လှစ်ထားသော ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် လုပ်သားများအတွက် အလုပ်ရှင်၊ အလုပ်သမားစာချုပ်အား တစ်နေရာတည်းတွင် စုစည်း၍ စာချုပ် ချုပ်ဆိုရန် ဆောင်ရွက်ပေးနေသည့် နည်းပညာ အထောက်အကူပြုရုံး(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံ(ရန်ကုန်)သို့ သွားရောက်ပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ဆေးရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ကုသရေးလုပ်ငန်းတွင် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လိုအပ်သည့် ဆေးဝါးများ ဖြည့်တင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးပြီး အလုပ်သမားဆေးရုံကြီးအတွင်း ကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရေးဌာနသို့ ကြည့်ရှုစစ်ဆေးပြီး ကုသရေးလုပ်ငန်းသုံး ဆေးရုံသုံးပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သက်တမ်းလွန်ဆေးများ မဖြစ်စေရန် လိုအပ်သည့် ဆေးရုံ၊ ဆေးခန်းများသို့ ဖြည့်တင်းပေးရေး လမ်းညွှန်မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၉၅၄၀၂၆ ရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ထန်းတပင်အလုပ်သမားဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၁၉ ခန်း၊ Fee For Service Payment ဆေးခန်း ၄၂ ခန်း၊ Capitation Payment ဆေးခန်း ငါးခန်းနှင့် မီးဖွားခြင်းနှင့်ဆိုင်သော ဆေးရုံ/ဆေးခန်း ၁၁ ခန်းတို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်း



**ပဲခူး မေ ၂**

ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ယနေ့နံနက်ပိုင်းတွင် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ မုန့်၊ အားဆေး၊ အချိုရည်နှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကာ (ဓာတ်ပုံ) သွေးလှူရှင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းရာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောထွန်း ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန ရုံးများနှင့် မီးသတ်နယ်မြေခန်းများရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို တရားမျှတမှုနှင့် ဂုဏ်သိက္ခာအတွက် အခွင့်အရေးအဖြစ် ကြိုးစားအားထုတ်ကြစေလို

**နေပြည်တော် မေ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများက ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအားလုံး ကိုယ်စီရည်မှန်းချက်များဖြင့် ကြိုးစားခဲ့ကြသူများဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို တရားမျှတမှုနှင့် ဂုဏ်သိက္ခာအတွက် အခွင့်အရေးအဖြစ် သတ်မှတ်ကာ ကြိုးစားအားထုတ်ကြစေလိုပါကြောင်း၊ ယခုလာရောက်သင်ကြားပို့ချပေးသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ ဆရာမများက အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသော ဖြေဆိုနည်းများကို စနစ်တကျသင်ကြားပေးနေခြင်းဖြစ်၍ ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ မိမိတို့ရည်မှန်းချက်များ အောင်မြင်စေရန် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆက်လက်ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ် စသည့်သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် သင်ကြားပို့ချပေးကြသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစား သင်ကြားပေးကြစေလိုကြောင်း ပြောကြားကာ ချီးမြှင့်ငွေများကိုပေးအပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ဇွန်လ ကျောင်းဖွင့်ချိန်အမီ ယာယီကျောင်းဆောင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းများရှိ လေ့ကျင့်သင်ကြားရေးစခန်းများသို့သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် မေ ၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) သည် မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအသုံးပြုမည့် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် မြန်မာနိုင်ငံသားများကိုယ်တိုင် တီထွင်ထားသော မဲပေးစက်ဖြစ်ကြောင်း၊ အဆိုပါ မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကဲ့သို့ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများ မရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ စစ်သည် ၂၂၀ ခန့်က လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကမ္ဘာလုံးဆိုင်ရာမီဒီယာဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**မွန်ဘိုင်း မေ ၂**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ ဂျေရီကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ဒုတိယနေ့ အစီအစဉ်၏ ကမ္ဘာလုံးဆိုင်ရာမီဒီယာဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ Sh. Ashwini Vaishnaw၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Dr S Jaishankar၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မီဒီယာကဏ္ဍဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် မီဒီယာတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးများနှင့် အဖွဲ့အစည်းများမှ အကြီးအကဲများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ကမ္ဘာလုံးဆိုင်ရာမီဒီယာဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာနဝန်ကြီးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ တီထွင်ဖန်တီးမှု၊ ယဉ်ကျေးမှုဆက်နွယ်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးက ယနေ့ခေတ်၏ နည်းပညာသည် လူငယ်များနှင့်အတူ တီထွင်ဖန်တီးနိုင်မှုများအပေါ် လျင်မြန်စွာ တိုးတက်ပြောင်းလဲလာနေသဖြင့် လိုအပ်သည့် စည်းမျဉ်းများဖြင့် စနစ်တကျကိုင်တွယ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အနာဂတ်အတွက် အတူပူးတွဲလျှောက်လှမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025)၏ မိတ်ဆက်ဗီဒီယိုကို ပြသသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့အစည်းအကြီးအကဲများက ဆွေးနွေးပြောကြားကြသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က ဆွေးနွေးရာတွင် နည်းပညာများ အပြန်အလှန်မျှဝေဖလှယ်ခြင်းအားဖြင့် နည်းပညာအားနည်းကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ ဆက်ဆံမှုသမိုင်းကောင်းများစွာရှိသည့် မိတ်ဆွေအိမ်နီးချင်းနိုင်ငံများဖြစ်ပြီး မကြာမီက မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၇၅၀ ခန့်တို့ကို ပေးပို့ကူညီခဲ့ခြင်းအတွက် မိမိတို့နိုင်ငံနှင့်ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုကျင်းပသည့် WAVES 2025 နှင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာဆွေးနွေးပွဲတို့မှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများဖြင့် မိမိတို့အတူတကွ တက်ရောက်လာကြသည့် နိုင်ငံများသည်လည်း အိန္ဒိယနိုင်ငံနှင့်အတူ တီထွင်ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့နိုင်ငံများမှ ပေးပို့သည့် video message များကို ဖွင့်လှစ်ပြသပြီးနောက် ကမ္ဘာလုံးဆိုင်ရာမီဒီယာဆွေးနွေးပွဲ၏ ပူးတွဲသဘောတူညီချက်ကို ထုတ်ပြန်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ကို မေ ၄ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းစက်ရုံရှိ ယာယီရှင်းလင်းဆောင်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော စက်ရုံအလုပ်ရုံ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ပဲ့ပါမင်းကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်တွင် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက SOP အတိုင်း လိုက်လံစစ်ဆေးနေမှု ကြည့်ရှုစစ်ဆေးစဉ်။

နှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးရထားစက်ရုံဝင်းအတွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကလေးငယ်များ ငလျင်ဒဏ်ကြောင့် စိတ်ဒဏ်ရာများ ပြေပျောက်စေရေးအတွက် ကလေးပျော်နေရာများ စီစဉ်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွာထောင်ဘူတာတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမော် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့် ပြည်သူများစောင့်ရှောက်ရေးစခန်းနှင့် နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများသို့ သွားရောက်၍ စခန်းအတွင်း အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သောတပန်ရပ်ကွက်ရှိ နှစ်ပေါင်း ၃၀၀ ခန့်ရှိ သမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရန်အတွက် စေတီတော်ကြီး၏အပေါ်မှ မြေသို့ပြန်လည်ပင့်ဆောင်နေမှုတို့ကို သွားရောက်ဖူမြော်ကြည်ညိုကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပဲကတိုးရပ်ကွက်ရှိ စစ်ကိုင်းတက္ကသိုလ်၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါမောက္ခများက Grade-12 ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၀၈၀ တို့ကို အနီးကပ်စခန်းသွင်း လေ့ကျင့်သင်ကြားနေမှုများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများ၊ သောတပန်ရပ်ကွက်ရှိ သီရိရတနာ သီလရှင်ကျောင်းတိုက်နှင့် လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရန်စေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့ကို ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE)အဖွဲ့များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ထိခိုက်ခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း လိုက်လံစစ်ဆေးနေမှုများအား သွားရောက်ကြည့်ရှု၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံပျက်စီးမှု အမြန်အကဲဖြတ်ခြင်း အစီအစဉ်များအတိုင်း မြေပြင်တွင် လိုက်လံစစ်ဆေးခြင်းရှိ/မရှိ အခြေအနေများအားလည်းကောင်း၊ အဆောက်အအုံအပျက်အစီးများအား စနစ်တကျကြည့်ရှု၍ ခန့်မှန်းတွက်ချက်ခြင်း၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများအား လည်းကောင်း၊ စစ်ဆေးမှုလုပ်ငန်းစဉ်နှင့် အဆောက်အအုံအခြေအနေများကို သက်ဆိုင်ရာအိမ်ပိုင်ရှင်များအားသိရှိနားလည်စေရန် တာဝန်ရှိသူများက ရှင်းလင်းပြောဆိုမှုအခြေအနေများအား လည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငလျင်ဒဏ် ထိခိုက်ခဲ့သည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများအား အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့

*စာမျက်နှာ ၉ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံသုံးလုံး စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၂**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိအချို့ဒေသများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့်စစ်သည်များနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းလိုအပ်သည်များကို မေးမြန်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိနယ်မြေခံဆေးတပ်ရင်း၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး ထိုသို့ လှူဒါန်းနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

များက SOP အတိုင်း လိုက်လံစစ်ဆေးနေမှု၊ ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTH-QUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အဆောက်အအုံပျက်စီးမှုများကို အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ရပ်ကွက်/မြို့နယ်အလိုက် လုပ်ငန်းတာဝန်များ ခွဲခြားပြီး အကဲဖြတ်ခြင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ပြီးမြောက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များတည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ အမရပူရမြို့နယ်ရှိ ပဲ့ပါမင်းကျောင်းတိုက်၊ အဟာဝီယရုံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ နန်းဦးဘုရား၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များစုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နန်းဦးဘုရားစေတီတော်အား ထပ်မံပြိုပျက်မှုမဖြစ်စေရေးအတွက် စတီးသံပတ်ကြိုးပတ်ခြင်း၊ အက်ကွဲသွားသော နေရာများမှ မိုးရေဝင်ရောက်၍ ပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ပလတ်စတစ်စများဖြင့်ပတ်၍ မိုးရေလုံအောင်ပြုလုပ်ခြင်း စသည့်စေတီတော်ကြံ့ခိုင်မှုထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်းစိုင်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရုံးပြောင်းရွှေ့ဖွင့်လှစ်နိုင်မည့်နေရာနှင့် ဝန်ထမ်းလိုင်းခန်းပြောင်းရွှေ့မည့်နေရာများစီစဉ်ပေးခဲ့ပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်၊ ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ဌာနပိုင်ပစ္စည်းများ အမြန်ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံသုံးလုံးကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၃၃၅ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၀၅၆ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၇၉ လုံးမှ အဆောက်အအုံ ၂၁၂ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၇ လုံးရှိကြောင်း သိရသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများက သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ စားသောက်ရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှစီစဉ်ထောက်ပံ့ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရွှေပေါက်ပင် ဘုန်းတော်ကြီးကျောင်း၌ အန္တရာယ်ရှိအဆောက်အအုံကို ဌာနဆိုင်ရာတာဝန်ခံများ၊ SOP ဘုတ်အဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

မိုးမြင့်

"ရုပ်ပြနိုင်ငံရေးဆိုသည်မှာ သူများကြိုးဆွဲခံ အရည်အချင်းမဲ့နိုင်ငံရေးမျိုးကို ဆိုလိုခြင်းဖြစ်သည်။ US၊ UK၊ ဂျော့ဆိုးရော့ဗ် ဆိုသူတို့၏ ကြိုးဆွဲရာကကြသည့် ရုပ်သေးရုပ်ဘဝတွင် အလှာစုံအဆင့်စုံ၌ အသွင်ယူဝင်ရောက်နေသည့် ရှောင်တာနယ်တို့လို နိုင်ငံခြားသားအကြံပေး ၁၀၀ ကျော်၏ အကူအညီကိုယူနေရသည့် အစိုးရ၊ အတိတ်က ဆိုးရော့ဗ်၏ အကြံပေးလက်ထောက်ဖြစ်ခဲ့သူကို အစိုးရ၏အရေးပါသော ဝန်ကြီးတစ်နေရာတွင် ခန့်ထားမိသည့် အစိုးရမျိုး၊ MI 5၊ MI 6 တို့လို မိမိနိုင်ငံကို ဆန့်ကျင်သည့်အစိုးရများ၏ ထောက်လှမ်းရေးများနှင့် နီးနီးစပ်စပ်၊ အဆက်အစပ်ရှိနေသော ခေါင်းဆောင်များ၏လုပ်ရပ်၊ နိုင်ငံအဆင့်မူဝါဒများ၊ နိုင်ငံရေး၊ စီးပွားရေး၊ တပ်မတော်၏ထိပ်တန်းအဆင့်လျှို့ဝှက်ချက်၊ နိုင်ငံတကာဆက်ဆံရေးလျှို့ဝှက်ချက်များကို အကြံပေးများလက်ထဲ ထည့်ပေးရလောက်အောင် မိုက်မဲလွန်းသော အစိုးရမျိုး၏လုပ်ရပ်မျိုးသည် မှန်သလား၊ မှားသလား စဉ်းစားကြည့်စေချင်"

*(ယမန်နေ့မှအဆက် )*

နိုင်ငံတစ်ခုအပေါ် နိုင်ငံခြားတိုင်းပြည်တစ်ခုက ထောက်ပံ့ကူညီမှုမျိုးသည် အနှောင်အဖွဲ့ကင်းရန် လိုအပ်သလို အကူအညီယူသည့် နိုင်ငံသည်လည်း သံသယကင်းပြီး သန့်ရှင်းသည့် အကူအညီမျိုးကိုသာ ရယူသင့်ပါသည်။ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး လက်တွေ့ကျသည့် မူဝါဒအပေါ်အခြေခံသော အကူအညီမျိုးသာဖြစ်သင့်သည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထက် နိုင်ငံတိုးတက်ရေးကို ဦးတည်သည့် စစ်မှန်သည့်အကူအညီ၊ ဒီမိုကရေစီအရေး၊ ဘာအရေး၊ ညာအရေးဆိုသည်ထက် တည်ငြိမ်ရေးကို ဦးစားပေးသည့် အထောက်အပံ့မျိုးသာ ဖြစ်သင့်ပါသည်။

## ပြောင်းလဲလာသည့် အမေရိကန်အစိုးရလုပ်ရပ်များကို လေ့လာပါ

ကမ္ဘာကြီးကို ပြန်ကြည့်သည့်အခါ အမေရိကန်ကိုယ်တိုင်က ဒုတိယကမ္ဘာစစ်ပြီးကတည်းက သူတို့အစဉ်တစိုက်ကျင့်သုံးခဲ့သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဦးစားပေး အကူအညီအတော်များများကို ရပ်တန့်လိုက်သည်ကို တွေ့ရသည်။ ထိုအပြောင်းအလဲက လက်တွေ့မကျ၊ အလုပ်မဖြစ်တော့သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုတာထက် အမေရိကန်အကျိုးစီးပွားပထမနှင့် တည်ငြိမ်ရေးဘက်ကို ဦးတည်သည့် ခြေလှမ်းများဖြစ်နေသည်။ လွန်ခဲ့သောနှစ်ရက်က ရိုက်တာသတင်းတစ်ပုဒ်၌ အမေရိကန်နိုင်ငံခြားရေးဌာနအောက် ဌာနခွဲ ၁၃၂ ခုကို ဖျက်သိမ်းလိုက်ပြီး ဝန်ထမ်းအင်အား ၁၅ ရာခိုင်နှုန်းအထိ လျှော့ချသွားမည့် အစီအစဉ်များ တင်ပြထားသည်က ထိုအချက်ကို ထင်ဟပ်နေသည်။

ထိုအချက်က USAID၊ NED တို့နှင့် ပတ်သက်သည့် အမေရိကန် အမျိုးသားရေးဝါဒီ သမ္မတထရမ့်အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေသည်ကိုလည်း တွေ့မြင်ရလိမ့်မည်။ ပြောချင်သည်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟူသည့် ဝေါဟာရလှလှလေးကို အထောက်အပံ့ယူပြီး လုပ်စားနိုင်ငံရေးမျိုးကို အမေရိကန်ပြည်သူများနှင့် အမေရိကန်ခေါင်းဆောင်တို့ကိုယ်တိုင်က ပစ်ပယ်လိုက်ပြီဆိုသည့်သဘောကို သတိချပ်စေလိုခြင်းဖြစ်သည်။ တစ်ဆက်တည်း အတိတ်က ရင်နာစရာကောင်းသည့် မြန်မာနိုင်ငံရေးကို သင်ခန်းစာယူပြီး လှပသည့်အနာဂတ်ကို ပုံဖော်မည့် နိုင်ငံရေးအခင်းအကျင်းကို မြင်စေလိုသည့် ပြည်သူ့ဆန္ဒကို အရင်းခံလို၍ ဖြစ်ပါသည်။

## ကြိုးဆွဲရာကရတဲ့ နိုင်ငံအရေး မကောင်းမှု

သို့ဆိုလျှင် အတိတ်က မြန်မာ့နိုင်ငံရေးတွင် ဘာတွေမှန်လို့ ဘာတွေမှားခဲ့ပါသလဲ၊ စာရေးသူအမြင်အရ အမှန်ထက် အမှားကပိုများခဲ့သည်ဟု ထင်သည်။ ကျွန်တော်တို့ ပြည်သူများကိုယ်တိုင်က လုပ်စား၊ ဟောစားနိုင်ငံရေးမျိုး၊ ရုပ်ပြနိုင်ငံရေးမျိုးကို ပိုကြိုက်တတ်သည်လည်းဖြစ်၍ ပြည်သူများတွင်လည်း တာဝန်မကင်းခဲ့ပါ။ ရုပ်ပြနိုင်ငံရေးဆိုသည်မှာ သူများကြိုးဆွဲခံ အရည်အချင်းမဲ့နိုင်ငံရေးမျိုးကို ဆိုလိုခြင်းဖြစ်သည်။ US၊ UK၊ ဂျော့ဆိုးရော့ဗ် ဆိုသူတို့၏ ကြိုးဆွဲရာကကြသည့် ရုပ်သေးရုပ်ဘဝတွင် အလှာစုံအဆင့်စုံ၌ အသွင်ယူဝင်ရောက်နေသည့် ရှောင်တာနယ်တို့လို နိုင်ငံခြားသားအကြံပေး ၁၀၀ ကျော်၏ အကူအညီကိုယူနေရသည့် အစိုးရ၊ အတိတ်က ဆိုးရော့ဗ်၏ အကြံပေးလက်ထောက်ဖြစ်ခဲ့သူကို အစိုးရ၏အရေးပါသော ဝန်ကြီးတစ်နေရာတွင် ခန့်ထားမိသည့် အစိုးရမျိုး၊ MI 5၊ MI 6 တို့လို မိမိနိုင်ငံကို ဆန့်ကျင်သည့်အစိုးရများ၏ ထောက်လှမ်းရေးများနှင့် နီးနီးစပ်စပ်၊ အဆက်အစပ်ရှိနေသော ခေါင်းဆောင်များ၏ လုပ်ရပ်၊ နိုင်ငံအဆင့်မူဝါဒများ၊ နိုင်ငံရေး၊ စီးပွားရေး၊ တပ်မတော်၏ ထိပ်တန်းအဆင့်လျှို့ဝှက်ချက်၊ နိုင်ငံတကာဆက်ဆံရေးလျှို့ဝှက်ချက်များကို အကြံပေးများလက်ထဲ ထည့်ပေးရလောက်အောင် မိုက်မဲလွန်းသော အစိုးရမျိုး၏လုပ်ရပ်မျိုးသည် မှန်သလား၊ မှားသလား စဉ်းစားကြည့်စေချင်သည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအချို့၌ ခန့်ထားသည့် အကြံပေးများကြောင့် နိုင်ငံ့လျှို့ဝှက်ချက်များ ပေါက်ကြားနေသည့်အပေါ် ထိုစဉ်က တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အရပ်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့ဖူးသည်ကို ပြန်၍ လေ့လာစေလိုပါသည်။




USAID မှ ဝန်ထမ်းတစ်ဦး အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများကို သယ်ဆောင်စဉ်။

## လစ်ဘရယ်လှိုင်းအောက်က အကွဲအပြဲများ

နိုင်ငံတစ်နိုင်ငံတွင် ဘာသာ၊ သာသနာနှင့် အမျိုးသားရေး၊ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့မှာ အလွန်အရေးကြီးပါသည်။ ထိုခံယူချက်နှင့် စိတ်ဓာတ်များအားလုံး မရင့်ကျက်သေးသည့် ဒီမိုကရေစီစံနှုန်းနှင့် နီယိုလစ်ဘရယ်လှိုင်းများအောက်တွင် စနစ်တကျ ဖျက်ဆီးခံလိုက်ရသည့်အခါ မြတ်ဗုဒ္ဓ၏ အဆုံးအမများပင် မကယ်တင်နိုင်သည်ကို တွေ့ရသည်။ နီယိုလစ်ဘရယ်ဆိုသည်မှာ အနုနည်းသုံး ခေတ်သစ်ကိုလိုနီအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ အထူးသဖြင့် NLD အစိုးရလက်ထက်တွင် တွေ့နိုင်သည်။ ကြိုးဆွဲရာကရတော့လည်း သူတို့ယူလာသည့် လစ်ဘရယ်ပညာရေးကိုလည်း လက်ခံလိုက်ရသည်သာ။ ပညာရေးဖြင့် ယဉ်ကျေးမှုကို စနစ်တကျ အဆိပ်ခတ်ခံလိုက်ရသည့်အခါ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော်အကြား၊ နိုင်ငံရေးပါတီများအကြား၊ *စာမျက်နှာ ၁၁ သို့*

"အများပြည်သူအကျိုးမဖြစ်သော "ကလေးသူငယ်များမွေးစားခွင့်ဥပဒေ" ကြောင့် လူမျိုးပါပျောက်၊ ဘာသာသာသနာပါကွယ်ရမလို ဖြစ်သွားသည်။ အများသုံးဖေ့စ်ဘွတ်ကို ကျပ်သိန်းပေါင်း ၆၄၀၀၀ ဖြင့် ဆန့်ကျင်ဘက်အင်အားစုများ၏အသံကိုထိန်းချုပ်လိုက်သည်ကကော မီဒီယာလွတ်လပ်ခွင့်တစ်ခုလား၊ အဖြေမရှင်းလှသော်လည်း အတိုက်အခံများကို နှိပ်ကွပ်ရမှာတော့ အလွန်ပင်အသုံးတည့်လှသည်။ လစ်ဘရယ်အယူနှင့် လုံခြုံရေးဆက်စပ်သဘောတရားကို မြင်တတ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံအနာဂတ်အခင်းအကျင်းအတွက် ကြိုတင်ပြင်ဆင်ပုံဖော်ထားသည့်အတိုင်းဖြစ်နေသည်ကို ပြန်လည်တွေးဆစေချင်"

*စာမျက်နှာ ၁၀ မှ*

ကျောင်းသားများအကြား၊ သံဃာတော်များအကြား နောက်ဆုံး ဆရာနှင့် ကျောင်းသား၊ မိဘနှင့် သားသမီးအကြား ယုံကြည်မှု၊ နားလည်မှုတို့ ပျောက်ကုန်သည်။ ခံစားချက်ကို ရှေ့တန်းတင်ကုန်ကြတော့သည်။ ကွဲပြားကုန်ကြသည်။ နိုင်ငံရေး ခံယူချက်များ လွဲကုန်သည်။ အမျိုးသားရေးသည် ခေတ်မရှိတော့ဟုဆို၍ မျိုးချစ်စိတ်တို့ ပျောက်ကုန်သည်။ ဖိဆန်မှုများ ဖြစ်ကုန်သည်။

> **"နိုင်ငံတစ်နိုင်ငံတွင် ဘာသာ၊ သာသနာနှင့် အမျိုးသားရေး၊ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့မှာ အလွန်အရေးကြီးပါသည်။ ထိုခံယူချက်နှင့် စိတ်ဓာတ်များအားလုံး မရင့်ကျက်သေးသည့် ဒီမိုကရေစီစံနှုန်းနှင့် နီယိုလစ်ဘရယ်လှိုင်းများအောက်တွင် စနစ်တကျ ဖျက်ဆီးခံလိုက်ရသည့်အခါ မြတ်ဗုဒ္ဓ၏ အဆုံးအမများပင် မကယ်တင်နိုင်သည်ကို တွေ့ရသည်။ နီယိုလစ်ဘရယ်ဆိုသည်မှာ အနုနည်းသုံး ခေတ်သစ်ကိုလိုနီအုပ်ချုပ်ရေး စနစ် ဖြစ်သည်။ အထူးသဖြင့် NLD အစိုးရလက်ထက်တွင် တွေ့နိုင်သည်။ ကြိုးဆွဲရာကရတော့လည်း သူတို့ယူလာသည့် လစ်ဘရယ်ပညာရေးကိုလည်း လက်ခံလိုက်ရသည်သာ။ ပညာရေးဖြင့် ယဉ်ကျေးမှုကို စနစ်တကျ အဆိပ်ခတ်ခံလိုက်ရသည့်အခါ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော်အကြား၊ နိုင်ငံရေးပါတီများအကြား၊ ကျောင်းသားများအကြား၊ သံဃာတော်များအကြား နောက်ဆုံး ဆရာနှင့် ကျောင်းသား၊ မိဘနှင့် သားသမီးအကြား ယုံကြည်မှု၊ နားလည်မှုတို့ပျောက်ကုန်သည်။ ခံစားချက်ကို ရှေ့တန်းတင်ကုန်ကြတော့သည်။ ကွဲပြားကုန်ကြသည်။ နိုင်ငံရေးခံယူချက်များ လွဲကုန်သည်။ အမျိုးသားရေးသည် ခေတ်မရှိတော့ဟုဆို၍ မျိုးချစ်စိတ်တို့ ပျောက်ကုန်သည်။ ဖိဆန်မှုများဖြစ်ကုန်သည်"**

## အိန္ဒိယ BJP နှင့် ဟန်ဂေရီဥပမာ

ဤကဲ့သို့ဖြစ်လာအောင် မည်သူက လုပ်ခဲ့ကြသလဲ၊ မည်သူတွေဖန်တီးခဲ့ကြသလဲ၊ မီးထိုးသူနှင့် ဓာတ်ဆောင်၊ ဓာတ်ပို့၊ ဓာတ်ရံများအကြား ကမ္ဘာကျော် ဘီလျံနာကြီး ဂျော့ဆိုးရော့ဇ်နှင့် သူ့သား အလက်ဇန္ဒားဆိုးရော့ဇ်တို့က ဓာတ်ပို့၊ ဓာတ်ရံအနေဖြင့် ဘယ်လိုပါဝင်ပတ်သက်ခဲ့ကြသလဲ၊ ဘယ်လိုခြေရှုပ်ခဲ့ကြသလဲ၊ နောက်ကွယ်က ဒါရိုက်တာကကော ဘယ်သူလဲ၊ CIA လား၊ MI 6 လား။ လေ့လာပြီး သင်ခန်းစာယူနိုင်လျှင် အနာဂတ်နိုင်ငံရေးမှာ ဆောင်ရန်ရှောင်ရန်နှင့်အတူ ပိုပြီးဆင်ခြင်သုံးသပ်နိုင်လိမ့်မည်ဟု ယူဆပါသည်။ ဂျော့ဆိုးရော့ဇ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၌ ခြေရှုပ်ခဲ့ပုံ ဥပမာတစ်ခုနှင့် ဦးစွာမြည်းစမ်းကြည့်ပါစို့။ အိန္ဒိယအာဏာရ BJP ကနေ ဂျော့ဆိုးရော့ဇ်ကို နိုင်ငံ၏ နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ်လိုက်ရပြီး သူ့ OSF (Open Society Foundation)က အိန္ဒိယ၌ တရားမဝင်မြှုပ်နှံထားသည့်ဒေါ်လာ ၁၈ ဘီလီယံကို ပိတ်ပင်လိုက်ပါသည်။ ဝန်ကြီးချုပ်မိုဒီကို မျက်မုန်းကျိုးနေသော ဆိုးရော့ဇ်သည် BJP၏ရန်သူ၊ အတိုက်အခံကွန်ဂရက်စ်ပါတီကို ချိတ်ဆက်စပွန်ဆာပေးခြင်းဖြင့် အိန္ဒိယနိုင်ငံရေး၌ ဝင်ရှုပ်နေသည်မှာ ကြာပါပြီ။ မိုဒီကို ဟိန္ဒူလူမျိုးစွဲတစ်ယောက်အဖြစ်စွပ်စွဲပြီး မူဆလင်တွေဘက်က အားပေးခဲ့သူဖြစ်သည်။ လူမျိုးရေး၊ ဘာသာရေးအရ သပ်လျှိုသွေးခွဲခြင်းလည်း ပါသည်။

ကမ္ဘာတစ်ဝန်းလျှို့ဝှက်ကြံစည်မှု (Conspiracies) မကောင်းမှုအစုစုတို့၏ နှလုံးသည်းပွတ်ဖြစ်သော ဆိုးရော့ဇ်ကို ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ပြစ်တင်ဝေဖန်ခဲ့သည်မှာလည်း မကြာလှသေးပါဘူး။ သူ့နိုင်ငံထဲ ကမ္ဘာအရပ်ရပ်က ရွှေ့ပြောင်းဒုက္ခသည်များကို အတင်းအကျပ်မောင်းသွင်းခံရပြီးမှ ပါလီမန်မှာ ငွေကြေးနှင့်ပတ်သက်သည့် ဥပဒေပြုတိုင်းတွင် ဝင်ရှုပ်နေသော ဆိုးရော့ဇ်အပေါ် ဝန်ကြီးချုပ် အော်ဘန်က ကျေနပ်မှုမရှိပါဘူး။ ထိုနည်းတူ သမ္မတထရမ့်ကလည်း ဂျော့ဆိုးရော့ဇ်၏ လုပ်ရပ်များအပေါ် နှစ်သက်မှုမရှိဘဲ မကြာမကြာ ပြစ်တင်ဝေဖန်လေ့ရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။

## ဆိုးရော့ဇ်နှင့် မြန်မာနိုင်ငံအရေး

အလှူဒါနပုံစံဖြင့် ငွေကြေးအထောက်အပံ့ယူ၊ ငွေကြေးနှင့် ကမကထလုပ်ခြင်းခံရသည့် နိုင်ငံရေးသည် ဘယ်လိုနည်းနှင့်မျှ အမှီအခိုကင်းသည်ဟု မဆိုနိုင်ပါ။ ဤနေရာတွင် ဟန်ဂေရီနွယ်ဖွား ငွေကြေးရင်းနှီးမြှုပ်နှံသူ ပရဟိတအလှူရှင် ကမ္ဘာ့သူဌေးကြီးဆိုးရော့ဇ်နှင့် သူ့သား အလက်ဇန္ဒားဆိုးရော့ဇ်တို့သားအဖက ဆရာကျလှသည်။ ကွန်မြူနစ်ကိုမုန်းသည့် philosophy သမားပီပီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူလည်းဖြစ်ခဲ့သည်။ သို့သော် လစ်ဘရယ်သမားတစ်ဦးပီပီဆန်ပြီး ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများတွင်လည်း သူ့အလိုမကျသူဆိုလျှင် ရှုံးနိမ့်အောင်အထိ စွမ်းဆောင်နိုင်သူဖြစ်ကြောင်း ၂၀၀၄ ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ရသည့် သမ္မတလောင်း ဂျော့ဒဗလျူဘုရှ်ကို ကြည့်၍သိနိုင်သည်။ ရက်ရက်ရောရော အလှူဒါနဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ခန့်၏ အရေးအရာတွေမှာဝင်ပါခဲ့ပြီး သူဖြစ်ချင်သလို အောင်မြင်မှုများစွာလည်း ရခဲ့ပါသည်။ သူလိုချင်သည်က ချုပ်ချယ်မှုကင်းသော လူ့အဖွဲ့အစည်းတစ်ခုပုံစံ ဖြစ်ချင်သည့်အတွက် ကမ္ဘာကြီးကို ရွာတစ်ရွာကဲ့သို့ တစ်ခုတည်း နယ်စည်းမခြား Globalization ဖြစ်အောင်လုပ်ပစ်လိုက်သည်။

ဆိုးရော့ဇ်တို့အဖွဲ့၏ သဘာဝပတ်ဝန်းကျင်ကို အလွန်အမင်းချစ်ပြလိုက်ကြခြင်းကြောင့် အချို့နိုင်ငံများတွင် ဖွံ့ဖြိုးမှုနှေးကုန်သည်။ လူတိုင်းတွင် လူ့အခွင့်အရေးရှိသည် Right ကို ရှေ့တန်းတင်၍ အရာရာ ဖိဆန်လာကြသည်။ လူသားတိုင်းသည် တန်းတူ equity ဖြစ်သည်ဆို၍ လူ့အဖွဲ့အစည်းတွေ ကွဲပြားကုန်သည်။ ဘာသာတရားမှာ လွတ်လပ်စွာ ကိုးကွယ်နိုင်သည် freedom ဖြစ်လာသည့်အခါ မိမိတို့ကိုယ်ပိုင်ဘာသာတရားကိုပင် လေးစားမှု၊ ယုံကြည်မှုတွေ လျော့ပါးလာကြသည်။ နိုင်ငံရေး အသွေးအရောင် Neoliberalism နှင့်အတူ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး ယုံကြည်ရာကို လွတ်လပ်စွာတွေးခေါ်ခွင့်ရှိ၍ ဥပမာ လိင်တူ၊ လိင်ကွဲ၊ လိင်အသွင်ပြောင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိရမည်အထိ ဆိုလာကြသည်။ ခွဲခြားဆက်ဆံမှုမရှိစေရ၊ မိဘနှင့် သားသမီးအကြား၊ သူငယ်ချင်း အချင်းချင်းအကြား၊ နောက်ဆုံး နိုင်ငံအချင်းချင်းကြားမှာပင် ရန်တိုက်ခံရ၊ သတိထားဆက်ဆံရသည့်အခြေအနေများအထိ ရောက်ရှိသွားပြီး အနီနှင့်အစိမ်း Disroyality Civil Servant (DCS) သစ္စာဖောက်ဝန်ထမ်းနှင့် Non DCS သစ္စာရှိဝန်ထမ်းဟူ၍ အပြန်အလှန်အမုန်းတရားများ ကြီးစိုးလာကြသည်။ အရာအားလုံးတွင် လူမျိုး၊ ဘာသာမရွေး၊ ကျားမတန်းတူမှု၊ တန်းတူညီမျှမှုကို လစ်ဘရယ်စိတ်ဓာတ်ဖြင့် ရှေ့တန်းတင်လာသည့်အခါ နိုင်ငံလုံခြုံရေးအတွက် အသက်မကအရေးကြီးသော **"ညွှန့်စာရင်းဥပဒေ၊ နောက်ယောင်ခံဥပဒေများ"** ဖျက်သိမ်းခံရသည်အထိ စည်းလွတ်ဝါးလွတ်ဖြစ်သွားရသလို ခိုးဝင်ဘင်္ဂါလီကိုပါ လက်ခံရတော့မည်အထိ ဖြစ်ကုန်သည်။

> - **နိုင်ငံရေး အသွေးအရောင် Neoliberalism နှင့်အတူ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ကိုဖော်ဆောင်ပြီး ယုံကြည်ရာကို လွတ်လပ်စွာတွေးခေါ်ခွင့်ရှိ၍ ဥပမာ လိင်တူ၊ လိင်ကွဲ၊ လိင်အသွင်ပြောင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိရမည်အထိဆိုလာကြသည်။**
> - **ခွဲခြားဆက်ဆံမှုမရှိစေရ၊ မိဘနှင့် သားသမီးအကြား၊ သူငယ်ချင်း အချင်းချင်းအကြား၊ နောက်ဆုံးနိုင်ငံအချင်းချင်းကြားမှာပင် ရန်တိုက်ခံရ၊ သတိထားဆက်ဆံရသည့် အခြေအနေများအထိ ရောက်ရှိသွားပြီး အနီနှင့် အစိမ်း Disroyality Civil Servant (DCS) သစ္စာဖောက်ဝန်ထမ်းနှင့် Non DCS သစ္စာရှိဝန်ထမ်းဟူ၍ အပြန်အလှန် အမုန်းတရားများ ကြီးစိုးလာကြသည်။**
> - **အရာအားလုံးတွင် လူမျိုး၊ ဘာသာမရွေး၊ ကျားမတန်းတူမှု၊ တန်းတူညီမျှမှုကို လစ်ဘရယ်စိတ်ဓာတ်ဖြင့် ရှေ့တန်းတင်လာသည့်အခါ နိုင်ငံလုံခြုံရေးအတွက် အသက်မကအရေးကြီးသော "ညွှန့်စာရင်း ဥပဒေ၊ နောက်ယောင်ခံဥပဒေများ" ဖျက်သိမ်းခံရသည်အထိ စည်းလွတ်ဝါးလွတ်ဖြစ်သွားရသလို ခိုးဝင်ဘင်္ဂါလီကိုပါ လက်ခံရတော့မည်အထိ ဖြစ်ကုန်သည်။**

အများပြည်သူအကျိုးမဖြစ်သော **"ကလေးသူငယ်များမွေးစားခွင့်ဥပဒေ"** ကြောင့် လူမျိုးပါပျောက်၊ ဘာသာသာသနာပါကွယ်ရမလို ဖြစ်သွားသည်။ အများသုံးဖေ့စ်ဘွတ်ကို ကျပ်သိန်းပေါင်း ၆၄၀၀၀ ဖြင့် ဆန့်ကျင်ဘက်အင်အားစုများ၏ အသံကိုထိန်းချုပ်လိုက်သည်ကကော မီဒီယာလွတ်လပ်ခွင့်တစ်ခုလား၊ အဖြေမရှင်းလှသော်လည်း အတိုက်အခံများကို နှိပ်ကွပ်ရာမှာတော့ အလွန်ပင်အသုံးတည့်လှသည်။ လစ်ဘရယ်အယူနှင့် လုံခြုံရေးဆက်စပ်သဘောတရားကို မြင်တတ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံအနာဂတ်အခင်းအကျင်းအတွက် ကြိုတင်ပြင်ဆင်ပုံဖော်ထားသည့်အတိုင်း ဖြစ်နေသည်ကို ပြန်လည်တွေးဆစေချင်ပါသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# လှိုင်ကော်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုပြီး စုပေါင်းသွေးလှူဒါန်း



**လှိုင်ကော် မေ ၂**

၂၀၂၅ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက လှိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦးတို့က ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ၊ အားဆေးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံကြီး ပရဝဏ်အတွင်း မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့က အမှိုက်ကောက်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် အမှိုက်များစွန့်ပစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပြည်နယ်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်



**ထားဝယ် မေ ၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဗိုလ်လုပွဲတွင် ထားဝယ်မြို့နယ်အသင်းနှင့် သရက်ချောင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဝါသနာရှင်များ ကြည့်ရှုအားပေးပြီး သရက်ချောင်းမြို့နယ်အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများက ပွဲစဉ်တွင် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုချီးမြှင့်ပြီး အမျိုးသား/အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု၊ အမျိုးသားဒုတိယဆုရ ထားဝယ်မြို့နယ်အသင်းနှင့် အမျိုးသမီး ဒုတိယဆုရ သရက်ချောင်းမြို့နယ်အသင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က အမျိုးသားပွဲတွင် ပထမဆုရရှိသော သရက်ချောင်းမြို့နယ် အသင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက အမျိုးသမီးပွဲတွင်ပထမဆုရရှိသော ထားဝယ်မြို့နယ်အသင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသည့် အမျိုးသား သရက်ချောင်းအသင်းနှင့် အမျိုးသမီး ထားဝယ်အသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မအူပင်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**မအူပင် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်က အမှာစကား ပြောကြားပြီး မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒေါက်တာ မနားကီးက သင်တန်းဖွင့်လှစ်ခြင်းမှ ရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေ တိုးပွားရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။



အဆိုပါ သင်တန်းအား သင်တန်းကြေးအခမဲ့ဖြင့် သင်တန်းသား ၂၀ အား မေ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတိတိ သင်တန်းနည်းပြဆရာမှ စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



## သထုံမြို့နယ် နောင်ဘိုကျေးရွာ စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**သထုံ မေ ၂**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ သုခမိန် စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဆွေးနွေးဟောပြောခြင်း နံရံကပ်စာစောင်ပြသခြင်းတို့ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စာကြည့်တိုက်၌ စာဖတ်သူတိုးပွားရေး ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် လူငယ်များ စာကြည့်တိုက်အသုံးပြုမှုမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးကြရာ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးမေးမြန်းကြသည်။

အခမ်းအနားတွင် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရွှေပြည်သာမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူထုအခြေပြုဇဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အခြေအနေများကို ပြည်သူများသိရှိစေရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**




**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲများကျင်းပ

**နေပြည်တော် မေ ၂**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အမျိုးသား/အမျိုးသမီး ပစ္စတိုသရုပ်ပြပစ်ခတ်မှု၊ စွမ်းရည်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် မေ ၇ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အမျိုးသား/အမျိုးသမီး ပစ္စတိုထိလဲပစ်ခတ်မှု၊ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေ ၉ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၂**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းက တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိစစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူ လေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား/ အမျိုးသမီး)၊ ကာဘိုင်ပစ်ခတ်စဉ် (အမျိုးသား/အမျိုးသမီး)၊ ရိုင်ဖယ်ပစ်ခတ်စဉ် (အမျိုးသား)နှင့် စက်သေနတ် ပစ်ခတ်စဉ်(အမျိုးသား)စသည့်ပစ်ခတ်စဉ်များကို ဧပြီ ၂၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘီးလင်း မေ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီက ဘီးလင်းမြို့နယ် ဘိုးရာဇာရပ်ကွက် အောင်သိဒ္ဓိကုန်းဘုရားစေတီရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

အဆိုပါ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့်တပ်ဖွဲ့ဝင် မိသားစုဝင်များ ဘုရားရင်ပြင်တော်၌ ဘုရားရေသပ္ပာယ်ခြင်း၊ တံမြက်စည်းလှည်းခြင်းနှင့် ရင်ပြင်အနီးရှိ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လပွတ္တာ မေ ၂**

လပွတ္တာမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လပွတ္တာခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီက လပွတ္တာမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။

ယင်းသို့ စုပေါင်းသွေးလှူဒါန်းရာတွင် လပွတ္တာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့် ဦးဆောင်၍ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွေးပေါင်ချိန်ခြင်း၊ အသည်းရောင်အသားဝါ B ပိုး၊ C ပိုး၊ HIV ပိုးနှင့် ကာလသားရောဂါပိုးရှိ မရှိ စစ်ဆေးခြင်း၊ အခြေခံကျန်းမာရေးဆိုင်ရာ သွေးစစ်ခြင်းတို့ ဆောင်ရွက်ပြီး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## မြောင်းမြမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းများဆောင်ရွက်



**မြောင်းမြ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်သည်။

အဆိုပါ သွေးလှူဒါန်းခြင်းဆောင်ရွက်မှုများကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ညွှန်ကြားမှု၊ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် မြောင်းမြ ခရိုင်/မြို့နယ် သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဇေယျာ (မြောင်းမြ)**

## ဒက္ခိဏသီရိမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် မေ ၂**

နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း ငလျင်ဘေးရှောင်လာရောက်နေထိုင်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒက္ခိဏသီရိမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက UID၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကို ယနေ့နံနက်ပိုင်းက ရန်အောင်မြင်ရွှေလက်လှဘုရားအနီးရှိ ဇမ္ဗူရာဇ်သိင်္ဂီဗိမာန်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါနေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် ခရိုင်ဦးစီးမှူးများ လာရောက်ကြည့်ရှုအားပေးသည်။ **မြို့နယ်(ပြန် /ဆက်)**



# အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှု အပြုသဘောဆောင်ဟု ဂျပန်ပြောကြား



**တိုကျို မေ ၂**

ဂျပန်နိုင်ငံ၏ စည်းကြပ်ခွန် ထိပ်တန်းညှိနှိုင်းရေးမှူး အဖွဲ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်မှုနှင့် စည်းကြပ်ခွန်မူဝါဒများနှင့် ပတ်သက်ပြီး အပြုသဘောဆောင်သည့် ဒုတိယ အကျော့ဆွေးနွေးမှုကို လုပ်ဆောင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

လာမည့်လအတွင်း ဂျပန်နှင့် အမေရိကန် ခေါင်းဆောင်များအနေဖြင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိနိုင်ရန် နှစ်ဖက်ဆွေးနွေးမှုများ တိုးတက်ဖြစ်ထွန်းစေဖို့ မျှော်လင့်ကြောင်း စီးပွားရေးပြန်လည်အားကောင်းလာစေရေး ဝန်ကြီး အာကာဇဝ ရိုင်ယိုဆေးက ပြောကြားလိုက်သည်။

မစ္စတာ အာကာဇဝနှင့် အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့တ်ဘတ်ဆန့်တို့သည် မေ ၁ ရက်က ဝါရှင်တန်တွင် ပြုလုပ်ခဲ့သည့် နှစ်နာရီကြာ အစည်းအဝေးကို ဦးဆောင်ခဲ့သည်။

စည်းကြပ်ခွန်ဆိုင်ရာ စီမံချက်များအပေါ် ဂျပန်က စိတ်မကောင်းဟု ထပ်မံပြောကြားလိုက်ပြီး အဆိုပါစီမံချက်များကို ပြန်လည်သုံးသပ်ရန် အမေရိကန်ကို အလေးအနက် တိုက်တွန်းခဲ့သည်ဟု အစည်းအဝေးအပြီးတွင် မစ္စတာ အာကာဇဝ က သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့အပြင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်ဖက်အကျိုးရှိစေမည့် သဘောတူညီချက်တစ်ခု အမြန်ဆုံးရရှိမည်ဟု ယုံကြည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

ဆွေးနွေးမှုတွင် အပြန်အလှန် ကုန်သွယ်မှုတိုးချဲ့ရေး၊ စည်းကြပ်ခွန်မဟုတ်သည့် စီမံချက်များနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေးတို့ပါဝင်သည်။ သို့သော် ငွေကြေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းမရှိခဲ့ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ဂျပန်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည် တစ်နာရီလျှင် အမေရိကန်ဒေါ်လာ တစ်သန်းအရှုံးပေါ်နေကြောင်း၊ ထို့ကြောင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်သင့်ကြောင်း၊ ဂျပန်နိုင်ငံသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် လုပ်ဆောင်လျက်ရှိသလို တစ်ဖက်တွင်လည်း နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ရလဒ်အမြန်ဆုံးရရှိအောင်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ အဆိုပါကိစ္စသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း မစ္စတာ အာကာဇဝ က ပြောသည်။

စည်းကြပ်ခွန်ဆိုင်ရာ နောက်ထပ်အစည်းအဝေးကို ယခုလနှောင်းပိုင်းတွင် ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ရကြောင်းနှင့် ဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံခေါင်းဆောင်များအတွက် လာမည့်လအတွင်း ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုရရှိဖို့ အခြေခံအုတ်မြစ်ချပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း မစ္စတာ အာကာဇဝ က ပြောသည်။

ဆွေးနွေးမှုများကို သွက်သွက်လက်လက်နှင့် ဂရုတစိုက် ချဉ်းကပ်ရန် မစ္စတာ အာကာဇဝနှင့် ထပ်တူသဘောထားရှိကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရု က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်မှ ရေနံဝယ်ယူသည့် မည်သည့်အဖွဲ့အစည်း၊ နိုင်ငံမဆို ဒဏ်ခတ်ပိတ်ဆို့သွားမည်ဟု ထရမ့်ဆို

**ဝါရှင်တန် မေ ၂**

အီရန်နိုင်ငံမှ ရေနံဝယ်ယူသည့် မည်သည့် အဖွဲ့အစည်းမဆို ဒဏ်ခတ်ပိတ်ဆို့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်ပြောကြား လိုက်သည်။



မည်သည့် နိုင်ငံဖြစ်စေ သို့မဟုတ် မည်သူပင်ဖြစ်စေ အီရန်မှ ရေနံ သို့မဟုတ် ရေနံဓာတုပစ္စည်းများကို ပမာဏမည်မျှဝယ်ဝယ် ဆင့်ပွားဒဏ်ခတ် ပိတ်ဆို့မှုများကို ချက်ချင်းခံရမည်ဟု မေ ၂ ရက်တွင် လူမှုမီဒီယာတစ်ခုပေါ်၌ အမေရိကန်သမ္မတ ထရမ့်က ပြောကြားလိုက်သည်။

လူပုဂ္ဂိုလ် သို့မဟုတ် ယင်းအဖွဲ့အစည်းများကို အမေရိကန်ပြည်ထောင်စုနှင့် မည်သည့်ပုံစံ မည်သည့်နည်းလမ်းနှင့် မဆို စီးပွားရေးလုပ်ခွင့်ပြုမည် မဟုတ်ကြောင်း သမ္မတ ထရမ့်က ထပ်မံဖြည့်စွက် ပြောကြားလိုက်သည်။

အီရန်၏ နျူကလီးယား တီထွင်ထုတ်လုပ်ရေး အစီအစဉ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် အီရန်အစိုးရများကြား အဆင့်မြင့်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ချိန်တွင် မစ္စတာ ထရမ့်၏ မှတ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်နှင့် နျူကလီးယား ဆွေးနွေးမှုများကို ဧပြီလတွင် စတင်ခဲ့သည်။ နောက်တစ်ကြိမ် ဆွေးနွေးပွဲများကို ရက်ရွှေ့ဆိုင်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လက်၊ ခြေ၊ ပါးစပ်နာရောဂါ ဖြစ်ပွားမှုကြောင့် မလေးရှားနိုင်ငံ ဆာဘားပြည်နယ်၌ စာသင်ကျောင်းများ ပိတ်ထားရ

**ကွာလာလမ်ပူ မေ ၂**

မလေးရှားနိုင်ငံ ဘော်နီယို မြောက်ပိုင်း ဆာဘားပြည်နယ်၌ ကျောင်းနေအရွယ် ကလေးများတွင် လက်၊ ခြေ၊ ပါးစပ်နာရောဂါ (အိတ်ချ်အက်ဖ်အမ်ဒီ) ဖြစ်ပွားမှုကြောင့် ကျောင်းငါးကျောင်းကို ယာယီ ပိတ်ထားခဲ့ရကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

ဇန်နဝါရီလမှ ဧပြီလအတွင်း ရောဂါကူးခံရသူ ၄၃၀၀ ကျော်ရှိခဲ့ပြီး ၈၃ ရာခိုင်နှုန်းနီးပါးမှာ အသက်ခုနစ်နှစ်အောက် ကလေးငယ်များဖြစ်ကြောင်း ဆာဘားပြည်နယ် ကျန်းမာရေးဌာနက မကြာသေးမီက ထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

ဆာဘားပြည်နယ်ကျန်းမာရေး ဌာန ညွှန်ကြားရေးမှူး မာရီယာ ဆူလေမန်က ကျောင်းများ ပိတ်ထားခြင်းသည် ရောဂါကူးစက်မှုကွင်းဆက်ကို ချိုးဖျက်ရန်၊ ကြိုတင်ကာကွယ်မှု အနေဖြင့် ရောဂါပိုးပျံ့နှံ့နေသည့် အဆောက်အအုံများကို သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းများကို စနစ်တကျ လုပ်ဆောင်ပေးရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။ အစီရင်ခံထားသော ရောဂါကူးစက်ခံထားရသူ အားလုံးသည် ပြင်ပလူနာအဖြစ် ကုသမှုခံယူနေပြီး သေဆုံးသူ မရှိသေးကြောင်းနှင့် ရောဂါကူးစက်မှုလက္ခဏာရှိသော ကလေးများကို အိမ်တွင်ထားရှိရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုကိုဂရုပြုရန် မိဘများအား တိုက်တွန်းထားကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**



# ယီမင်ဘက်မှ ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည်များကို အစ္စရေးကြားဖြတ်ဟန့်တား

**ဂျေရုဆလင် မေ ၂**

ယီမင်ဘက်မှ ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည်နှစ်လုံးကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က မေ ၂ ရက်တွင် ပြောကြားလိုက်သည်။

အစ္စရေးမြောက်ပိုင်းတွင် လေကြောင်းကျူးကျော်အချက်ပြဥသြသံများ ထွက်ပေါ်လာချိန်တွင် ပဲ့ထိန်းဒုံးကျည်များကို ပစ်မှတ်ထားသည့် ကြားဖြတ်ဟန့်တားမှုရလဒ်များကို စောင့်ကြည့်နေကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။ ထိခိုက်ဒဏ်ရာရရှိသည့်ဖော်ပြချက်တစ်စုံတစ်ရာ ယခုထက်ထိ မရှိသေးချေ။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ စက်မှုကဏ္ဍတွင် ကာဗွန်လျှော့ချရေးလုပ်ငန်းကို ဂျပန်ကူညီမည်

**တိုကျို မေ ၂**

ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်အား အရှိန်မြှင့်တင်နိုင်မည့် အစီအစဉ်တစ်ခုကို ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပြီး စက်ရုံများတွင် စွမ်းအင်ချွေတာရေးနည်းပညာကို စတင်နိုင်ရန် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

**ကာဗွန်ကင်းစင်ရေးနှင့် စီးပွားရေးတိုးတက်မှုရရှိစေရန် ရည်ရွယ်**

အဆိုပါ ပဏာမခြေလှမ်းသည် ဂျပန်နိုင်ငံမှ တည်ထောင်ထားသည့် အာရှဒေသ၏ ကာဗွန်ကင်းစင်သော လူမှုအသိုက်အဝန်း(အေဇက်အီးစီ) ဟုခေါ်သော မူဘောင်တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများနှင့်ပူးပေါင်း၍ ဒေသတွင်းတွင် ကာဗွန်ကင်းစင်ရေးနှင့် စီးပွားရေးတိုးတက်မှုရရှိစေရန် ရည်ရွယ်ထားသည်။

ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီ စက်ရုံများတည်ရှိသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယခုသတင်းပတ်တွင် ကျင်းပသည့် အခမ်းအနားသို့ နှစ်နိုင်ငံအစိုးရ အရာရှိများနှင့် ဂျပန်ကားထုတ်လုပ်ရေး လုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန်စီစဉ်**

နှစ်နိုင်ငံအစိုးရများက ထိုင်းစီးပွားရေးလုပ်ငန်းများကို အဆင့်မြင့်စွမ်းအင်ချွေတာရေး နည်းပညာများရှိသည့် ဂျပန်ကုမ္ပဏီများနှင့် ချိတ်ဆက်နိုင်ရန် ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန်လည်း စီစဉ်ထားသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအထောက်အပံ့ပေးရန်လည်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ ဘာဒက်ရှန်ပြည်နယ်၌ မြေပြိုကျမှုကြောင့် အိမ်ခြေ ၂၀ ခန့် ပျက်စီး

**ကဘူးလ် မေ ၂**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ်၌ မြေပြိုမှုကြောင့် အနည်းဆုံးအိမ်ခြေ ၂၀ ပျက်စီးခဲ့ပြီး လူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ ပြည်နယ် ဒါရိုက်တာ မော်လဝီ မိုဟာမက် အာခရမ်အာ့ဘာရီ က မေ ၂ ရက်တွင် ပြောကြားသည်။

ဧပြီ ၃၀ ရက်က အာဂိုခရိုင် တော့ချ်ဘိုင်ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၂၀ ပျက်စီးကာ ပြည်သူများဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကျေးရွာရှိ အခြားမိသားစုများမှာလည်း ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့ရန် လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ်တွင် ကရင်ပြည်နယ်၌ မိုးစပါး ၄၂၇၁၅၁ ဧကစိုက်ပျိုးရန်လျာထားပြီး လျာထားဧက ပြည့်မီ ကျော်လွန်ရေးနှင့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်

ဘားအံ မေ ၂

ကရင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ်၌ မိုးစပါး ၄၁၇၁၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး လျာထားဧက ပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် တောင်သူစည်းရုံးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် တရုတ်လှကျေးရွာ ကွင်းအမှတ်-၁၂၁၀၊ တရုတ်လှကွင်း၌ တောင်သူစည်းရုံးပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲမှ ဓာတ်မြေဩဇာအသုံးပြုမှုကို လျှော့ချ၍ မြေဆီဩဇာကောင်းမွန်ရေး ရေရှည်အကျိုးဖြစ်ထွန်းစေသော သဘာဝမြေဩဇာများကို တွင်တွင်ကျယ်ကျယ် အစားထိုးသုံးစွဲလာစေရန် သဘာဝအီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တရုတ်လှ၊ ရဲသာ(ကမော့ကစင်)၊ ထောင်ဝိ၊ ကော့ကျိုက်၊ ကော့လှိုက်၊ တော်ပုံ၊ ဝင်းကျန်ကျေးရွာများမှ တောင်သူများ ကြည့်ရှုလေ့လာခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမြင့်က အီးအမ်ဘိုကာရှိ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ဖြန့်ဖြူးပေးနေမှု၊ ပိုက်ဆံလျှော်ကြဲပက်စိုက်ပျိုးအသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား ပြန်လည်ပြုလုပ်သုံးစွဲကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို ကျင်းပရာ တက်ရောက်လာကြသော မိုးစပါးစိုက်ပျိုးမည့် တောင်သူများက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို တစ်တင်းလျှင် လေးဧကနှုန်းဖြင့် စုပေါင်းကြဲပက်သရုပ်ပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး မိုးစပါးစိုက်ပျိုးကြမည့် တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ ၆၅ တင်းကို အခမဲ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွင်းအမှတ်-၁၂၁၀ တရုတ်လှကွင်းရှိ တောင်သူဦးမောင်မျိုးမြင့်၏ နွေစပါးဆင်းသုခ စိုက်ခင်းကို ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးသည်။

ယခုနှစ် မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် ပြည်နယ်အစိုးရန်ပုံငွေဖြင့် ပိုက်ဆံလျှော်မျိုးစေ့ တင်း ၁၀၀၀ ကို တောင်သူများထံအခမဲ့ဖြန့်ဝေပေးထားပြီး လက်တွေ့ကြဲပက်သရုပ်ပြသခြင်း၊ မိုးကြိုထယ်ရေး/နွေထယ်ရေးခံခြင်း ပညာပေးဆောင်ရွက်ပြသခြင်း၊ မြေဆီဩဇာကောင်းမွန်ရေးမြေယာပြုပြင်ခြင်း၊ သဘာဝမြေဩဇာ၊ နွားချေး၊ အမှိုက်ဆွေးများ စုပေါင်းထည့်သွင်းခြင်း၊ စူပါအီးအမ်ဘိုကာရှိများ လက်တွေ့ပြုလုပ်ပြသခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ဆောင်ရွက်မည့်နည်းစနစ်များ ပညာပေးဆွေးနွေးဟောပြောခြင်းများကို မြေပြင်ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရုတ်လှကျေးရွာရှိ တောင်သူဦးစောကျော်ဦး၏ ဥစားကြက်အကောင် ၁၅၀၀ မွေးမြူရေးခြံ၊ တရုတ်လှ လျှပ်စစ်မြစ်ရေတင်၏ လက်တံမြောင်းမှ ရေကိုရယူ၍ ခဝဲနှင့်ငရုတ်ရှစ်ဧကကို စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော တောင်သူဦးမျိုးဇော်မြင့်၏ စိုက်ပျိုးရေးခြံနှင့် စိစစ်ဧက ၁၀၀၀ ကျော်အား စိုက်ပျိုးရေပေးဝေနိုင်သည့် တရုတ်လှလျှပ်စစ်မြစ်ရေတင်စီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးက တရုတ်လှမြစ်ရေတင်၏ ရေပေးဝေမှုအခြေအနေ၊ လျှပ်စစ်မီးရရှိမှု အခြေအနေနှင့် ဆိုလာစနစ်တပ်ဆင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကျေးရွာနေပြည်သူများအား သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးကို သိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယနေ့မွန်းလွဲပိုင်းက ကျောင်းကုန်းကျေးရွာ ရတနာသိဂီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက ကျေးရွာနေပြည်သူများအား သစ်တောသစ်ပင် စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများနှင့် ဂေဟစနစ်များအကြောင်း၊ အမှိုက်စို၊ အမှိုက်ခြောက်များစနစ်တကျစွန့်ပစ်ရန်နှင့် မြေဆွေးများပြုလုပ်ရန်၊ ပလတ်စတစ် အစားထိုးသုံးစွဲရန်နှင့် ဆိုးကျိုးများအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက ပြန်လည်၍ ရှင်းလင်းဖြေကြားသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေ ပြည်သူ ၆၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

○ *ကျောဖုံးမှ*

ယနေ့ညနေမှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

၃-၅-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂

မေ ၃ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ချင်းပြည်နယ် ဟားခါးမြို့၌ နွေရာသီဘင်ခရာသင်တန်းဆင်းပွဲ ကျင်းပ



**ဟားခါး မေ ၂**

နွေရာသီ ဘင်ခရာသင်တန်း ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီး ချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ် ဦးနေစိုး၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေး မှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် ဘင်ခရာသင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်း ထန်က ဘင်ခရာသင်တန်းကို ကျောင်းသား ကျောင်းသူများ အနေဖြင့် စည်းကမ်းတကျနေထိုင် တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်တတ်ပြီး ဗလငါးတန် နှင့်ပြည့်စုံစေရန်၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့် ရရှိစေရန်နှင့် ရပ်ကျိုးရွာကျိုးများ ဆောင်ရွက် တတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ် ရခြင်းဖြစ်ကြောင်း၊ ဂီတသည် လူငယ်များ၏ စိတ်ကိုထိန်းချုပ် သည်ဟု သိရှိရပါကြောင်း၊ Music is the art of power ဟု ခေါ်ဆို ထားပါကြောင်း၊ ဂီတအသံ၊ သံစဉ် များသည် လူငယ်တို့၏စိတ်ခံစား မှုကို ပြောင်းလဲစေနိုင်ပါကြောင်း၊ မည်သည့်ပညာမဆို လွယ်လွယ် ကူကူနှင့်မတတ်မြောက်နိုင်ကြောင်း၊ အချိန်ပေး၊ ကြိုးစားသင်ယူရမြဲ ဖြစ်ကြောင်း၊ ဘင်ခရာသင်တန်း တစ်လတာ ကာလအတွင်း မောင်တို့မယ်တို့ အပင်ပန်းခံ သင်ယူလေ့ကျင့်ခဲ့သမျှ အစွမ်း အစများကို ယနေ့မြင်တွေ့ရပြီဖြစ် ကြောင်း၊ နောင်တွင် ဆက်လက် တာဝန်ပေးအပ်သွားမည် ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် မြို့နယ်ပညာရေးမှူး ဦးဘီကူးဒူ က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နောက် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က သင်တန်း နည်းပြဆရာ ဆရာမများကို လည်း ကောင်း၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးက သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ဘင်ခရာ တီး ဝိုင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရ သည်။ **ခရိုင် (ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ ကွင်းဆင်းဆောင်ရွက်



**မဟာအောင်မြေ မေ ၂**

မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက်ရှိ ငလျင်ဒဏ် ဘေးသင့်ပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် လိုရာပြည့်စုံရန် မျိုးလုံပေါ်တော်မူ မြတ်စွာဘုရား ငါးဆူဝင်းအတွင်း၌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မဟာအောင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းမိတ္တူများကို ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင် ရွက်သည့်နေရာသို့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မန္တလေးတိုင်းဒေသ ကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီး မှူး ဦးဟိန်းကျော်အောင်နှင့် တာဝန်ရှိသူများက ငလျင်ဘေး သင့်ပြည်သူများအား အားပေး စကားပြောကြားပြီး နိုင်ငံသား စိစစ်ရေးကတ် မိတ္တူများ နှင့် အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန် ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၃၉ ဦး၊ ထိခိုက် ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ် ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံ များ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်း များ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ မေ ၁ ရက် ညနေ ၅ နာရီမှ မေ ၂ ရက် ညနေ ၅ နာရီအတွင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ International Organization For Migration (IOM) က ထောက်ပံ့ပေး သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အိပ်ရာခင်း၊ ရွက်ဖျင်တဲ၊ Container ၂၀ စုစုပေါင်းတန်ချိန် ၂၃ ဒသမ ၂၁၁ တန်၊ World Health Organization (WHO) က ထောက်ပံ့ပေးသည့် Portable Toilets စုစုပေါင်းတန်ချိန် ၄ ဒသမ ၇၃၆ တန်နှင့် မလေးရှားနိုင်ငံ ဆီလန်ဂေါ ပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က ထောက်ပံ့ပေးသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ အဝတ်အထည်များ စုစုပေါင်းတန်ချိန် ၀ ဒသမ ၄၉၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

## အောင်လံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်



**အောင်လံ မေ ၂**

မကွေးတိုင်းဒေသကြီး အောင်လံ မြို့၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နေ့ကို ကြိုဆိုဂုဏ်ပြုသော အား ဖြင့် ယနေ့ နံနက် ၈ နာရီက အောင်လံမြို့ ရွှေပြောင်ပြောင် စေတီတော် ဘုရားပရိဝုဏ် အတွင်း၌ ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက် ဇော်မင်း ဦးဆောင်၍ မီးသတ်ဦးစီး ဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင် များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် များကရွှေပြောင်ပြောင်စေတီတော် ဘုရားပရိဝုဏ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများအား ရေသပ္ပာယ် ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေး လုပ်ငန်းများကို ကုသိုလ်ပြု ဝိုင်း ဝန်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **မျိုးသိန်း (ပြန်/ဆက်)**

*✻ ကျောဖုံးမှ*

ပွဲကစားချိန် အစပိုင်းမိနစ်များ တွင် အိမ်ရှင်ဘီလ်ဘာအိုအသင်း က မန်ယူအသင်းကို ခြေစွမ်း အသာဖြင့် ထိုးဖောက်တိုက်စစ် ဆင်ကစားနိုင်ခဲ့သည်။ သို့သော် လည်း ဘီလ်ဘာအိုအသင်းသည် ပွဲကစားချိန် ၃၅ မိနစ်တွင် အသင်း ခံစစ်ကစားသမား ဗီဗီယန် တိုက်ရိုက် အနီကတ်ပြ ထုတ်ပယ် ခံခဲ့ရပြီးနောက်ပိုင်း မန်ယူအသင်း ၏ တရစပ်ဖိအားပေး တိုက်စစ် ဆင် ကစားမှုများကိုသာ ခုခံ ကာကွယ်ခဲ့ရသည်။

မန်ယူအသင်းအတွက် သွင်း ဂိုးများကို ကက်စမီရိုနှင့် ဖာနန် ဒက်စ်တို့က ပထမပိုင်းပွဲကစားချိန် အတွင်း သွင်းယူနိုင်ခဲ့သည်။ မန်ယူ အသင်းသည် ဒုတိယပိုင်းတွင် တစ်ယောက်လျော့ ဘီလ်ဘာအို အသင်းကို တစ်ဖက်သတ် ဖိအားပေးကစားကာ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး ဖန်တီး နိုင်ခဲ့သော်လည်း သွင်းဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ဘီလ်ဘာအိုအသင်း၏ တုံ့ပြန် တိုက်စစ်ဆင်မှုများက မန်ယူ အသင်းခံစစ်နှင့် ဂိုးသမား အိုနာနာ တို့ကိုအခက်တွေ့စေခဲ့သော်လည်း သွင်းဂိုးရယူနိုင်သည်အထိ စွမ်း ဆောင်ထားနိုင်ခြင်း မရှိပေ။ မန်ယူနှင့် ဘီလ်ဘာအိုအသင်း တို့၏ ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို အိုး ထရက်ဖို့ဒ်ကွင်း၌ မေ ၉ ရက် တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့မှ အခြားပွဲစဉ် ရလဒ်တွင် စပါးအသင်းက နော်ဝေ ကလပ် ဘိုဒိုဂလင့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ စပါးအသင်းသည် ပြိုင်ဘက် ကို ဂိုးပြတ်အနိုင်ယူခဲ့သော်လည်း အသင်းမှ အားထားရသည့် ဆိုလန်ကီ၊ မက်ဒီဆင်တို့ ထိခိုက် ဒဏ်ရာရရှိခဲ့သည့်အတွက် နစ်နာ ခဲ့ရသည်။ **အောင်ဇော်**

❑ *ကျောဖုံးမှ*

စိုင်းပညာ မောင်းနှင်လာသည့် NISSAN DIESEL ၁၂ ဘီး မော်တော်ယာဉ် တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၉၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၉ သိန်း၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၂ ဒသမ ၇၂၅ တန်နှင့် အနံ့ဆေးရည် လီတာ ၆၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ် ချက်အရ အဆိုပါဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ကျိုင်းတုံမြို့နယ် မှ ကွန်ဟိန်းမြို့နယ် ကာလိမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ် ကြောင်း သိရသဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် ၃၃ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် မေ ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီးယနေ့တွင် ၃၃ ရက်မြောက်အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံ ဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်ဘူတာကြီး၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ်အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ– Export Quality) ၁၀၁၃၁ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံ ပေါ်ဆန်း) ၂၃၅၃ အိတ်၊ ဆီ ပိဿာ ၃၂၈၇၀၊ ဆား ၁၅၁၈ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၄၉၄ ထုပ်၊ ငါးပိ ၂၉၇ ပိဿာ၊ ကြက်သားအကောင် ၂၅၀၊ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ် ပိဿာ ၇၀၊ ကြက်ဥအလုံး ၁၅၃၂၀၊ ဘဲဥအလုံး ၆၆၃၀၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၁ အိတ်၊ စားအုန်းဆီ ၄၈၉၃ ပိဿာ၊ ဆား ၇၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၇၄ ဘူး၊ ငါးပိ ၂၃ ပိဿာ၊ ကြက်သွန်နီ ၅၇၃ ပိဿာ၊ အသားတု ၂၇ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၁၂ အိတ်၊ စားအုန်းဆီ ပိဿာ ၅၉၄၀၀၊ ဆား ၅၄ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၉ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**



## တောင်ငူမြို့ မြစည်းခုံစေတီတော်ကြီး၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တောင်ငူ မေ ၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ်အဖြစ် တောင်ငူမြို့ မြစည်းခုံစေတီတော်မြတ်ကြီး၌ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ယနေ့နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးမင်း ဦးဆောင်၍ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုခြင်းအထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မိသားစုဝင်များက တောင်ငူမြို့ မြစည်းခုံစေတီတော်ကြီးနှင့် ရင်ပြင်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ စေတီတော်နှင့် ရင်ပြင်တော်အား မီးသတ်ရေပိုက်များဖြင့် ရေသပ္ပာယ်ခြင်းများ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ

**ကသာ မေ ၂**

ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်း သင်ကြားပေးနေသည့်ကာလအတွင်း စိတ်အေးချမ်းသာစွာ သင်ကြားနိုင်ရေးအတွက် နေထိုင်ရေး၊ စားသောက်ရေးတို့ကို လိုအပ်ချက်မရှိဘဲ ပြည့်စုံစေရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း သင်ကြားနေစဉ်ကာလအတွင်း သောက်သုံးရေ၊ လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး၊ စားသောက်ဆောင်၊ အိပ်ဆောင်၊ စာသင်ဆောင်များ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် စခန်းသွင်းသင်ကြားနေစဉ်ကာလအတွင်း လုံခြုံအေးချမ်းစွာ သင်ကြားနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် အလေးထားဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက တက္ကသိုလ်ဝင်စာမေးပွဲ စခန်းသွင်းသင်ကြားသွားမည့် အခြေအနေများအပေါ် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ခရိုင်အဆင့်တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ခရိုင်(ပြန်/ဆက်)**



## မေလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်သစ် ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | မြစ်ကြီးနား | ၂-၅-၂၀၂၅ | ၁၄.၅ | ၅၈.၁ | ၃-၅-၂၀၂၄ | ၁၆.၂ | ၆၁.၂ | ၅၉ |
| ၂။ | ဟားခါး | ၂-၅-၂၀၂၅ | ၇.၀ | ၄၄.၆ | ၁၅-၅-၂၀၁၁ | ၇.၅ | ၄၅.၅ | ၄၅ |

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ONE Friday Fights 106 ပြိုင်ပွဲတွင် စိန်လုံးချော ရှုံးပွဲကြုံတွေ့

**ရန်ကုန် မေ ၂**

ONE Friday Fights 106 ပြိုင်ပွဲကို ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ စိန်လုံးချော အမှတ်ဖြင့် အရေးနိမ့်သည်။

စိန်လုံးချောသည် ထိုင်းဖိုက်တာ ယော့ဒ်ဆက်ဆန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ သုံးချီအပြည့် ထိုးသတ်ခဲ့သော်လည်း ONE နှင့် ပထမဆုံးပွဲဖြစ်သောကြောင့် အတွေ့အကြုံပိုင်းနှင့် ပွဲနည်းဗျူဟာပိုင်း လိုအပ်ချက်များရှိနေခဲ့ပြီး အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ယော့ဒ်ဆက်ဆန်အနိုင်ရခဲ့သည်။ ONE နှင့် ပွဲဦးထွက် ထိုးသတ်ရသည့် စိန်လုံးချောသည် ပထမအချီသာ အပြန်အလှန်ထိုးသတ်နိုင်သော်လည်း ဒုတိယအချီ တစ်မိနစ် နောက်ပိုင်းကတည်းက ပြိုင်ဘက်ကစားသမားက အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။ ယော့ဒ်ဆက်ဆန်သည် ONE နှင့် နှစ်ပွဲထိုးသတ်ရာ နှစ်ပွဲစလုံး အနိုင်ရထားသည်။ **ညီမြတ်သော်တာ**

## ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ပုသိမ် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီးစာရင်းစစ်ရုံး၌ ယနေ့နံနက်ပိုင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ် စာရင်းစစ်ဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများ စစ်ဆေးကုသပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။



ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီးတို့က ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် ကျန်းမာရေးဝန်ထမ်းများက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ကြပြီး သောက်ဆေး လိုအပ်သူများအား သောက်ဆေးများ ပေးခြင်းနှင့် စစ်ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး



**မန္တလေး မေ ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် ကန်ဝန်မင်းကြီးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဦးစီးမှူး ဦးအောင်သွင်နှင့် ဝန်ထမ်း ၂၀ တို့က လျှောက်ထားခဲ့ရသည့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်/ညွှ်/ပြု စိစစ်ရေး ကတ်ပြားမိတ္တူ ကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းကို ပြည်သူ ၁၀၀ အား ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မန္တလေးတိုင်းဒေသကြီး လဝကတိုင်းဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေလဝက ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်နှင့် တာဝန်ရှိသူများက မှတ်ပုံတင်၊ အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်နေကြသော ပြည်သူများအား ကြည့်ရှုအားပေးပြီး မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ၂၂၂

## ထန်းတပင်မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်

**ထန်းတပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်သုခရပ်ကွက် အေးစေတီဘုရား ပရိဝုဏ်အတွင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ဝင်းစိန် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ဝင်းစိန် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဘုရားပရိဝုဏ်အတွင်းရှိ ဘုရားစေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း အမှိုက်များရှင်းလင်းခြင်းနှင့် ရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြု စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်



**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံ တာဝန်များ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

## ဘားအံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘားအံ မေ ၂**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့၌ မီးသတ်ဦးစီးဌာနမှ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးကို ကရင်ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးကော်မတီဝင်များ စုပေါင်း၍ သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ပြီး ဘုရားပန်းများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)





## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မိတ္ထီလာ မေ ၂**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ခရိုင်လဝကဦးစီးမှူး ဦးနိုင်ဝင်းကျော်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသိရိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်လဝကဦးစီးမှူး ဦးဌေးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းတို့တက်ရောက်အားပေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုစုပေါင်း သွေး ၃၆ ပုလင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မန္တလေး မေ ၂**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီး(သွေးလှူဘဏ်)၌ မန္တလေးခုနစ်မြို့နယ်ရှိ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ က စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးတိုင်းဒေသကြီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သစ်သစ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မန္တလေး ခုနစ်မြို့နယ်မှ အရန်မီးသတ်ဒုတပ်ရင်းမှူး၊ တပ်ခွဲမှူးများ တက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များအား (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးကော်မတီက အာဟာရဖြည့်စွက်စာများ ပေးဝေခဲ့ကြောင်း သိရသည်။ ၂၂၂

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် မတ်လအတွင်း စခန်း ၁၃ ခုမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၁၃ ခုအနက် ၁၂ ခုတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မန္တလေး(ချမ်းမြသာစည်)စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့်စခန်း ၁၃ ခုတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းမြသာစည်) | ၆.၄ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၂ |
| ၅ | မိုင်းဆတ် | ၆.၈ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | ပြင်ဦးလွင် | ၆.၇ |
| ၈ | မော်လမြိုင် | ၆.၇ |
| ၉ | ဘီးလင်း | ၆.၈ |
| ၁၀ | ကော့ကရိတ် | ၇.၁ |
| ၁၁ | ထားဝယ် | ၆.၇ |
| ၁၂ | မြိတ် | ၆.၉ |
| ၁၃ | ကော့သောင်း | ၆.၈ |

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)မှ တိုင်းတာရရှိသည့် လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5 μg) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁၇ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသော အဆင့်၌ ၂ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာမည်။

**မိုး/ဇလ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရောင်လမ်း၌ ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ မြို့ရောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၀၀၀၀) ကိုလည်းကောင်း၊ ရွာငံမြို့နယ် ယုံတောင်ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၄ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၉၄၇၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၂၄ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၄၆၇၈၄၄)နှင့် အဆိုပါပစ္စည်းများ



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

တင်ဆောင်လာသည့် Mitsubishi Fuso Truck ၁၀ စီး၊ Nissan Diesel Truck ငါးစီး၊ Hino Profia Truck သုံးစီး၊ Hino Truck နှစ်စီး၊ Diamond Truck တစ်စီး၊ Super Mandalar Truck တစ်စီး၊ Shwe Chan Truck တစ်စီး၊ Ayar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၉၃၃၂၅၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၉ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၄၆၁၇၉၄)ကိုလည်းကောင်း၊ TMIT ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၄၇၆၁၇၃) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၇၅၁၉၅)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၆၉၃၁၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၈၅၀၂၅၇၂၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဆိုင်ကယ်ကို မော်တော်ယာဉ်အရှိန်အထိန်းနိုင်ဘဲ ဝင်တိုက် တစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရ

နေပြည်တော် မေ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ဧပြီ ၃၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် ညနေ ၆ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ မန္တလေး-ပြင်ဦးလွင် အတက်ကားလမ်း မိုင်တိုင်အမှတ် (၁၆ မိုင် ၅ ဖာလုံ)အနီး၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရပြင်စာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မန္တလေးဘက်မှ ပြင်ဦးလွင်ဘက်သို့ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁)နေ ထက်ဝေယံမင်း (၂၂ နှစ်) မောင်းနှင်လာသည့် MDY-8 5D/ xxxx SURF မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူ ၎င်း၏အရှေ့မှ အမရပူရမြို့နယ် တောင်သမန်ကျေးရွာနေ ဖြိုးဖြိုးထွန်း(ခ)ကိုဖြိုး(၃၃ နှစ်) မောင်းနှင်ပြီး ဇနီးဖြစ်သူ မအေမီကျော်(ခ)ယမင်းကျော်(၂၇ နှစ်)၊ သမီးများဖြစ်သော မကျော့ကေခိုင် ရှစ်နှစ်နှင့် မနှင်းအေးသောင်း သုံးနှစ်တို့ လိုက်ပါလာသည့် MDY 46W/. . . . Scoopy-i 110 ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိကာ တောင်ကမ်းပါးရံအား ထပ်မံတိုက်မိခဲ့သဖြင့် ဖြိုးဖြိုးထွန်း(ခ)ကိုဖြိုးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ထက်ဝေယံမင်းနှင့် မအေမီကျော်(ခ)ယမင်းကျော်၊ မကျော့ကေခိုင်၊ မနှင်းအေးသောင်းတို့ လေးဦးတွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ထက်ဝေယံမင်းအား ပြင်စာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား သုံးဦး ဒဏ်ရာရ

နေပြည်တော် မေ ၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မေ ၁ ရက် နံနက် ၃ နာရီ ၅ မိနစ်တွင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် ၁၂၁ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံ ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇောဓိကုန်းအမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မြစ်သားမြို့နယ် ရှမ်းပွဲရပ်ကွက်နေ ကောင်းစည်ခန့် (၂၅ နှစ်) မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးသိန်းထွန်း (၆၂ နှစ်)လိုက်ပါလာသည့် BGO-75L . . . . NISSAN CANTER ယာဉ်သည် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အနေးယာဉ်ကြော၌ ရပ်တန့်ထားသည့် တောင်ကြီးမြို့ အောင်သပြေရပ်ကွက်နေ ဦးရန်နောင်မိုး (၅၇ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဒေါ်ကြည်ကြည်မြင့် (၅၃ နှစ်) လိုက်ပါလာသည့် SHN-18 1G/xxxx Mitsubishi Canter ယာဉ်အား အနောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ကောင်းစည်ခန့်၊ ဦးရန်နောင်မိုးနှင့် ဒေါ်ကြည်ကြည်မြင့်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်မောင်း နှစ်ဦးအား ဇောဓိကုန်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂

တိုင်းဒေသကြီး/ပြည်နယ်များ၌ အထောက်အထားမဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က မြို့နယ်အချို့တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့ဘက်မှ စစ်ကိုင်းမြို့ဘက်သို့ မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်နေ မနေသန္တာခိုင်(၄၂ နှစ်) မောင်းနှင်လာသည့် YGN-7 7K- . . . . Nissan Note အဖြူရောင် မော်တော်ယာဉ်နှင့် အောင်မြေသာစံမြို့နယ် ယွန်းစုရပ်ကွက်နေ ရန်အောင်(၂၇ နှစ်) မောင်းနှင်လာသည့် SHN RLG-xxxx MITSUBISHI CHARIOT အဖြူရောင်မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း သိရှိရသဖြင့် နေသန္တာခိုင်နှင့် ရန်အောင်တို့အား စစ်ကိုင်းမြို့မရဲစခန်း၌လည်းကောင်း။

အလားတူ မေ ၁ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မင်းဘူး-မကွေးကားလမ်း ဧရာဝတီတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မင်းဘူးမြို့ဘက်မှ မကွေးမြို့ဘက်သို့ မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနေ ကျော့ဇင်(၅၅ နှစ်) မောင်းနှင်လာသည့် MDY-17 9L-. . . . Honda Fit SHUTTLE ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ကျော့ဇင်အား မကွေးမြို့မရဲစခန်း၌လည်းကောင်း။

ထို့အတူ မေ ၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား၌ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြဝတီမြို့ဘက်မှ ထိုင်းနိုင်ငံဘက်သို့ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မဆုမြတ်သန္တာ (၂၃ နှစ်) မောင်းနှင်



စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိမှု။

လာသည့် YGN-21 4H- . . . . TOYOTA SUCCEED အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဆုမြတ်သန္တာအား မြဝတီမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























## ကျောက်ဆည်မြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ လျှော့ပြဒဏ်သင့် ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် မေ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် နေအိမ်များ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်သင့်ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) မှ ဖွဲ့စည်းထားရှိသော ကျောက်ဆည်ခရိုင် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်းအဖွဲ့မှ ရပ်ကွက်၊ ကျေးရွာများသွားရောက်၍ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်း (Psycho-social Support Team) လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်ဆည်ခရိုင်မှအဖွဲ့သည် ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ အေးမြကြည်လင်၊ ဖောင်ရွာ၊ စုကြီး၊ စျေးတန်း၊ ဘောဂဝတီရပ်ကွက်များနှင့် တောတွင်ကျေးရွာသို့ သွားရောက်ခဲ့ပြီး မေ ၂ ရက်မှ ၆ ရက်အထိ မင်းစု၊ ရဲစု၊ ဖောင်ရွာရပ်ကွက်များနှင့် ကုလား ကျောင်း၊ ငှက်တောင်၊ ထန်းဇင်တော်၊ ဖျောက် ဆိပ်ပင်ကျေးရွာများသို့ ကွင်းဆင်း၍ ငလျင်ဒဏ်သင့်ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်း (Psycho- social Support Team) လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာအမျိုးသမီးလိဂ်တွင် ရန်ကုန်ယူနိုက်တက် ဂိုးပြတ်နိုင်ပြီး ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်၊ ရောဝတီနှင့် အား/ကာသိပ္ပံ သရေကျ

**ရန်ကုန် မေ ၂**

၂၀၂၅ - ၂၀၂၆ ရာသီ မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်က ဂိုးပြတ်နိုင်ပြီး ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်၊ ရောဝတီနှင့် အား/ကာသိပ္ပံ သရေကျခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ထားမှုကို ရပ်တန့်နိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းသည် ရောဝတီနှင့် အား/ကာသိပ္ပံအသင်း သရေကျမှုကို အခွင့်ကောင်းမယူနိုင်ဘဲ သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာသော်လည်း ရောဝတီ၊ ရန်ကုန်ယူနိုက်တက်၊ သစ္စာအားမာန်စသည့်အသင်းကြီးများနှင့် ဆက်တိုက်ကစားနေရသဖြင့် နိုင်ပွဲရယူနိုင်ခြင်းမရှိသေးဘဲ သုံးပွဲတွင် တစ်မှတ်သာရရှိသေးသည်။ သစ္စာအားမာန်အသင်းမှာလည်း ဂိုးသွင်းခွင့်များ အသုံးမချနိုင်သဖြင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ပြီး မြဝတီအသင်းမှာမူ သုံးပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၀၊ ၆၁ မိနစ်တွင် ဇင်မိုးပြည့်၊ ၁၉၊ ၄၄ မိနစ်တွင် ယွန်းဝတီလှိုင်၊ ၃၃ မိနစ်တွင် ဒေစီအောင်နှင့် ၆၄ မိနစ်တွင် နန်းရတနာတို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း သုံးဂိုးစီသရေကျခဲ့သည်။ နှစ်ပွဲဆက်အနိုင်ရထားသည့် ရောဝတီအသင်းနှင့် အဖွင့်ပွဲတွင် အနိုင်ရထားသည့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ရွှေရည်ထွန်းက ၁၂၊ ၄၅၊ ၅၆ မိနစ်တွင် ဟက်ထရစ်သွင်းယူသော်လည်း ရောဝတီအသင်းအတွက် ချေပဂိုးများကို ၃၉၊ ၅၂ မိနစ်တွင် ဖြူဖြူဝင်း၊ ၈၃ မိနစ်တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် ရောဝတီအသင်းနှင့် သစ္စာအားမာန်အသင်းက သုံးပွဲကစား ခုနစ်မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ၊ အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား လေးမှတ်၊ YREO အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား တစ်မှတ်၊ ရန်ကုန်ရှိုင်ရယ်အသင်းက နှစ်ပွဲကစား၊ မြဝတီအသင်းက သုံးပွဲကစား အမှတ်မရရှိသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ အမှတ် (၃၀၁) နန်းခဲရပ်ကွက်၊ အုဖိုလ်တန်းလမ်းနေ ဦးသောင်းအေး၏သမီး ကျွန်မ ဒေါ်ခင်စန်းဝေ ၁၀/သထန(နိုင်) ၁၇၃၈၈၃၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါနံပါတ်ကို အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၃၄၀၇၂၄

### ပတ်စ်ပို့ပျောက်

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အိမ်အမှတ်(၁၆/၃၂၁) နေ ဒေါ်စန်းစန်းမြင့်(ဘ)ဦးပရင်းကူးမား ၉/မကန(နိုင်) ၁၂၆၄၂၈ ၏ ပတ်စ်ပို့ နံပါတ် (MI-859317)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၈၂၉၄၀၉

### အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ အနော်ရထာရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၂၀၊ ဥဇနာ)၊ ဦးပိုင်အမှတ်(၁၄၆)၊ မြေဧရိယာ (၀.၁၁၀) ဧကအား ဦးလှမြင့် အမည်ဖြင့် မြေငှားဂရန် နှစ်ရှည် နှစ်(၃၀) ထုတ်ပေးထားရှိသည့် မြေငှားဂရန်စာချုပ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်(စာချုပ်)မိတ္တူမှန်ကူးယူခွင့်ပြုပါရန် ဦးလှမြင့်(ကိုယ်စား) ဒေါ်လှမြင့် ၊ ၉/မရမ(နိုင်) ၀၇၈၉၁၈ မှ မြေစာရင်းပုံစံ(၁၀၅၊၁၀၆)မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ ရပ်ကွက်ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) (မိတ္တူ)၊ ရဲစခန်းထောက်ခံချက်၊ အိမ်ဝိုင်းမြေကွက်အကျိုးခံစားခွင့်လွှဲပြောင်းပေးသည့်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာတို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သက်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

**ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၃-၂၀၂၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ယာဉ်အမှတ် 80W/51931,LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ကကန(နိုင်)၁၇၄၆၁၁ က (ကမ-၃) ပျောက်ဆုံး၍(အစား) **(ကမ-၃ )** ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သွေးသည် အသက်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ ဘုရင့်နောင်(၁၃)လမ်း၊ မြေကွက်အမှတ်(၂၆၂/က)ဟုခေါ်တွင်သော မြေအလျားXအနံ(၂၀X၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သိန်း (MNO-၀၀၁၂၀၈၂)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်တင်ဝင်းကြည် ၁၂/သဃက(နိုင်)၀၀၁၉၀၂၊ ဒေါ်ဇာကြည်ဝင်း ၁၂/သဃက(နိုင်)၁၄၀၂၂၅ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုခိုင် ၁၂/ဗဟန(နိုင်)၀၀၀၀၆၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၃)၊ မြေကွက်အမှတ် (၁၃၀)ဟုခေါ်တွင်သော မြေအလျားXအနံ(၄၀X၆၀)ပေမြေကွက်ထဲမှတရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်းခြမ်း) အလျား Xအနံ(၂၀X၆၀)ပေအကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည် ပေါက်ပိုင်ဆိုင်သူ အုပ်ခွဲတပ်ကြပ်ကြီး အေးကျော် (၁၂/အစန(နိုင်)၀၇၅၉၃၄)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်ဆိုင် (၁၂/တတန(နိုင်)၁၀၇၄၂၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဂျိုက်ပရ်ကပ် (၇/ကတခ(နိုင်)၀၇၉၅၅၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



| | | | |
|---|---|---|---|
| နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။ | ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။ | နေပူထဲသွားပါကနေကာမျက်မှန်တပ်ဆင်ပါ။ | နေပူထဲသွားပါကနေရောင်ခံလိမ်းဆေးလိမ်းပါ။ |

မတ်လ၊ ၂၀၂၅ခုနှစ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဝါရှောင်လမ်း၊မြေကွက်အမှတ်(၂၁၈)၊အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)ရှိ ဒေါ်ခိုင်ချယ်ရီ (၁၀/မလမ(နိုင်)၁၅၆၁၀၄)နှင့် ဦးလှငွေး(၁၂/သကတ(နိုင်)၀၄၁၂၇၈)တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ဒေါ်ခိုင်ချယ်ရီပိုင်ဆိုင်ခွင့်ရှိသော မြေကွက်အမှတ်(၂၁၆)နှင့် ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ပိုင်ရှင် ဒေါ်ခိုင်ချယ်ရီထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ B)၊ ဥဿဖရားလမ်း၊မြေကွက်အမှတ်(၂၇၅)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးခင်မော် (KLT - ၀၈၂၈၂၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော လမ်းထောင့်ဘက်အခြမ်း (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသစ်နွယ် (၁၄/မမန (နိုင်) ၁၅၄၆၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ဗိုလ်မှူးအေးချိုလမ်း၊မြေကွက်အမှတ်(၁၂၆၁)၊အကျယ်အဝန်း(၄၃ပေ× ၆၀ပေ)ရှိ ဦးတင်ဦး (၁၂/မရက (နိုင်) ၀၂၉၄၃၀)(GBK-၀၀၅၉၃၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော နောက်ဖေးလမ်းနှင့်ကပ်လျက် (၂၃ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန့်ခိုင်စံပယ် (၁၂/ဒဂမ (နိုင်) ၀၀၈၇၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## အမည်ပြောင်း

ဦးနေဝင်း၏သမီး၊ မကွေး တိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက (တွင်းကုန်း) Grade–2 ဖြေဆိုထားသော ကျောင်းဝင်အမှတ် –၈၈၂၂၊ မရဲရဲပြည့်လျှံအား ယနေ့မှစ၍ မရဲရဲကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရဲရဲကို

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5559, AUDI Q7, S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ Poe Poe Trading Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/5121, Toyota Corolla, Fielder N2E 16 Station Wagon, ယာဉ်လက်ဝယ်ရှိသူ ဦးဒီမိုချို ၆/ထဝန(နိုင်)၀၉၉၄၁၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## အလိမ္မာ စာမှာရှိ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/5360 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/4759 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်စိုးဦး ၇/ပခန(နိုင်)၁၃၂၂၁၁၏သားဖြစ်သူ မောင်ဟိန်းမင်းထက် ၇/ပခန(နိုင်)၅၀၇၁၃၈သည် မိဘ၏ ဆိုဆုံးမမှုကို မလိုက်နာဘဲ ၎င်း၏ဆန္ဒအတိုင်း အိမ်မှထွက်ခွာသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးကျော်စိုးဦး(ဖခင်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/13592, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမြင့် ၁၄/ပပတ(နိုင်)၀၅၃၄၄၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51735, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်) ၁၄၆၄၁၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်–၂ ရှိ ပါမစ်မြေအမျိုးအစားဖြစ်သော မြေကွက်အမှတ်–(၅၂၄)ဟုခေါ်တွင်သည့် အကျယ်ပေ (၄၀x၆၀)ရှိ ခြံမြေသည် ကျောက်တန်းမြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ ဖြိုးရေးဦးစီးဌာန၏ မြေချပါမစ်စာရင်းတွင် ဦးဟံမြင့်/ဦးညွန့်မင်း(ခ)ဦးတင်ငွေ(၉/မရမ(နိုင်)၀၇၉၂၇၂) အမည်ဖြင့် မှတ်သားတည်ရှိပြီး၎င်းထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခင်ချိုဝင်း(၁၂/တမန(နိုင်)၀၀၁၀၉၇)က အဆိုပါခြံမြေနှင့်ပတ်သက်၍ မိမိကသာ တရားဝင် လက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်အင်ကြင်းလှိုင် (၁၂/ကတန(နိုင်)၀၉၄၅၀၅)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထပ်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
| ဒေါ်အင်ကြင်းလှိုင် | ဒေါ်သဲဆုဇာခြည်သိမ့် |

LL.B.D.B.L.D.I.L, (W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆)
အမှတ်(၃၇)၊T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၄၅ ၉၇၉ ၁၂၆။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ–၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၃

| | | |
|---|---|---|
| ၁။ ဦးဝင်းနိုင် | နှင့် | ၁။ ဦးမောင်မောင်ဌေး |
| ၂။ ဦးစိုးလှိုင် | | ၂။ ဦးငွေသိန်း |
| ၃။ ဒေါ်ဝေဝေ | | |
| ၄။ ဦးမင်းနိုင်တင့် | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) (၃၄)ရပ်ကွက်၊ သင်းဝင်လမ်း၊အမှတ်(၁၀၀၀)နေ ဦးမောင်မောင်ဌေးနှင့် ဦးငွေသိန်း(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုများက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၁၆ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းစန္ဒာဦး)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## အများသိစေရန်ကြေညာချက်

ဒေါ်စောနန်းယု (၉/မခန(နိုင်)၁၅၃၁၄၉)နှင့် ဦးအေးသူရ (၇/နတလ(နိုင်)၀၉၂၇၂၆) တို့သည် (၂–၅–၂၀၂၅) ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံး၌ မှတ်ပုံတင်အမှတ် (၁၂၂/၂၀၂၅)ဖြင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းခဲ့ကြပြီးဖြစ်ကြောင်းနှင့် (၂–၅–၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ လက်ထပ်ပွားပစ္စည်းများခွဲဝေပေးခြင်းနှင့် လက်ခံရယူခြင်း ကတိစာချုပ်အရ လက်ထပ်ပွားပစ္စည်းများ ခွဲဝေရယူပြီးနောက် –

